# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 2 May 2024 ၁၁၄၄၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မိုးကြိုကာလအတွင်း ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

နေပြည်တော် မေ ၁

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းခြင်းကြောင့်လည်းကောင်း၊ လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေမဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်း ခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ



၂၀၂၃ ခုနှစ်က ဂျပန်နိုင်ငံသို့ သွားရောက်လုပ်ကိုင်သည့် မြန်မာလုပ်သားအချို့ကို တွေ့ရစဉ်။

## ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာအလုပ်သမား ၁၁၀၀ ကျော် ခေါ်ယူမည်

ရန်ကုန် မေ ၁

ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာအလုပ်သမားဦးရေ ၁၁၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ဧပြီ ၃၀ ရက်ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်အရ ဂျပန်ကုမ္ပဏီ ၃၀၀ ကျော်က မြန်မာအလုပ်သမား အမျိုးသား ၃၈၀ ကျော်၊ အမျိုးသမီး ၈၁၀ ကျော် စုစုပေါင်း ၁၁၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

မြန်မာသံရုံး တိုကျိုမြို့အနေဖြင့် အလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လာသည့် စာမျက်နှာ ၅ ကော်လံ ၅ သို့ ✻

**ယနေ့ ဖတ်စရာ**


### မြင်စိုင်းမြို့ဟောင်း အနီးတွင် တည်ရှိသည့် ဝါစေ့တောင်၌ ယခင်က မွန်ဂိုများကို တိုက်ခိုက်စဉ် အသုံးပြုခဲ့သည်ဟု ယူဆရသော ကျောက်လိုဏ်ဂူများ ရှိနေ

စာမျက်နှာ » ၄



### ဝါကြိတ်စက် စက်မှုလုပ်ငန်း၏ လမ်းကြောင်းအသစ်များ

ဆောင်းပါး စာမျက်နှာ » ၆

### အင်ဒိုနီးရှားနိုင်ငံတွင် ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုက်ခရိုဆော့ဖ်က ကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

စာမျက်နှာ » ၁၃

### ဝင်ငွေတိုးပွား အကျိုးများဖို့ နေကြာစိုက်ပျိုးစို့

ဆောင်းပါး စာမျက်နှာ » ၁၆


### ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၁

| | | |
|---|---|---|
| မင်းဘူး | ၄၄ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၃ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၄၃ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၄၃ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါ | ၄၃ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၃ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၄၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၄၂ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီ | ၄၂ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဇောင်းတူ | ၄၂ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |

ကြေးမုံ

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ဆောက်ရေးနှင့် ကုန်ထုတ်စွမ်းအားမြင့်မားတိုးတက်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အခန်းကဏ္ဍမှာ အဓိကကျသကဲ့သို့ ပါဝင်ဆောင်ရွက်နေကြသော ကျွမ်းကျင်အလုပ်သမားများ၏ အခန်းကဏ္ဍမှာလည်း အလွန်အရေးကြီးသဖြင့် အလုပ်သမားများ အရည်အသွေးမြင့်မားအောင် ဖန်တီးဖော်ဆောင်ပေးပြီး လုပ်အားတန်ဖိုးကို မြင့်မားလာအောင် ဆောင်ရွက်ကြရပေမည်။

အလုပ်သမားများ၏ ကျွမ်းကျင်မှုအရည်အသွေးကို စဉ်ဆက်မပြတ်မြှင့်တင်ပေးပြီး အလုပ်သမားများ၏ အကျိုးခံစားခွင့်များကို မျက်ခြည်မပြတ်ဆောင်ရွက်ပေးနေလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။ အလုပ်သမားများ၏ အရည်အသွေးနှင့် ခံစားခွင့်များကို မြှင့်တင်မပေးနိုင်လျှင် ကုန်ထုတ်စွမ်းအားများကျဆင်းပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ကုန်ထုတ်လုပ်မှုတိုးတက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားကာ ကာယ၊ ဉာဏအလုပ်သမားများအားလုံးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိရာ၌ လုပ်သားအင်အား အများဆုံးပါဝင်ဆောင်ရွက်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME)စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးလျက်ရှိသည်။ MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်လုပ်သားများ အပြည့်အဝရှိရန်လိုအပ်သည်။ လုပ်ငန်းနယ်ပယ်များတွင် ကျွမ်းကျင်လုပ်သားများ အလုံအလောက်ရှိခြင်း၊ မရှိခြင်းသည် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ခြင်း၊ တိုးတက်ခြင်းနှင့် မဖွံ့ဖြိုးခြင်း၊ ဆုတ်ယုတ်ခြင်း ရလဒ်အဖြေကို ဖြစ်စေသည်။

ထို့ကြောင့်လည်း နိုင်ငံအတွင်း၌သာမက ပြည်ပနိုင်ငံများနှင့်ပါ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် သင်တန်းများဖွင့်လှစ်၍ ကျွမ်းကျင်မှုပညာရပ်များ သင်ကြားပေးခြင်း၊ ပုဂ္ဂလိက သင်တန်းကျောင်းများတည်ထောင်နိုင်ရေး အားပေးကူညီခြင်း၊ ကျွမ်းကျင်မှုအဆင့်အလိုက် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်း၊ Skill Labour များရရှိရန်အတွက် ပညာရေးကဏ္ဍကို အားပေးမြှင့်တင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ MSME လုပ်ငန်းများတွင် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းပေးနိုင်လျှင် ကုန်ထုတ်စွမ်းအားများတိုးတက်ပြီး နိုင်ငံ့စီးပွား မြင့်မားလာမည်ဖြစ်သည်။

ဥပမာအားဖြင့် လုပ်သားအင်အားကို အခြေပြုသည့် အထည်ချုပ်လုပ်ငန်းများသည် နိုင်ငံသူ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးနိုင်ခြင်း၊ နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ရှာဖွေပေးနိုင်ခြင်း၊ ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများဖြစ်ထွန်းသော လုပ်ငန်းများဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အထည်ချုပ်လုပ်ငန်းများ အောင်မြင်စေရန်၊ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရန်နှင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးလာစေရန်အတွက် အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သဘာဝကပေးသော အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားပြီး လုပ်သားအင်အားလည်း အလုံအလောက်ရှိသဖြင့် ယင်းအခွင့်အလမ်းကောင်းများကို ထိရောက်အကျိုးရှိစွာအသုံးချ၍ ပြည်တွင်းစီးပွားရေးနှင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေး၊ ပြည်ပမှ ထုတ်ကုန်ပစ္စည်းများ ဝယ်ယူတင်သွင်းနေရသည့် နိုင်ငံအဖြစ်မှ ပြည်ပသို့ ပို့ကုန်တင်ပို့နိုင်သည့် နိုင်ငံအဖြစ်သို့ ရောက်ရှိလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အလုပ်သမားအင်အားစု၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်သဖြင့် ကုန်ထုတ်စွမ်းအားများ မြင့်မားတိုးတက်လာသည်ကိုတွေ့ရသည်။ နိုင်ငံတော်နှင့်ပြည်သူလူထု အကျိုးစီးပွားအတွက် ကိုယ်အား၊ ဉာဏ်အားရှိသရွေ့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြသော အလုပ်သမားများကို အသိအမှတ်ပြုရမည်ဖြစ်သည်။

အလုပ်သမားရေးရာကိစ္စရပ်များတွင် အစိုးရကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်းဆောင်ရွက် ဖြည့်ဆည်းပေးလျက်ရှိသောကြောင့် အကျိုးရလဒ်ကောင်းများ ထွက်ပေါ်လာသည်ကို တွေ့ရသည်။ အလုပ်သမားသံအရာရှိများ ခန့်အပ်တာဝန်ပေး၍ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ အလုပ်သမားများ၏ လူမှု စီးပွားဘဝ လုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုရရှိခံစားစေနိုင်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများ စွမ်းအားပြည့်လည်ပတ်စေနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများပါ တစ်ပြိုင်တည်း တိုးတက်လာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ကုန်ထုတ်လုပ်ငန်းများကို အားပေးမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးလာရေး၊ ပြည်သူလူထုတစ်ရပ်လုံး လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာရေးအတွက် ဦးတည်ချက်များနှင့်ရှေ့လုပ်ငန်းစဉ်များနှင့်အညီ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြှင့်တင်ဆောင်ရွက်ပေးထားသည့် အလုပ်သမားထုကြီးတစ်ရပ်လုံးကလည်း နိုင်ငံတော်နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

**ဒေါက်တာထွန်းတင့်**

## လွဲကြ၊ မှားကြ၊ ‘က’ နှင့် ‘မှ’။ လွဲလွဲမှားမှား၊ ‘ကို နှင့် အား’

**( ယမန်နေ့မှအဆက် )**

၃။ **နေရာပြဝိဘတ် ‘က’**။ ။ ကျောင်း ‘က’ စောင့်နေပါဟူသော ဝါကျတွင် စောင့်နေရမည့်နေရာသည် ကျောင်းဖြစ်ကြောင်း နေရာပြဝိဘတ် ‘က’ က ဝေဖန်ပိုင်းခြားပြသည်။

၄။ **အချိန်ပြဝိဘတ် ‘က’**။ ။ ယခင်နှစ် ‘က’ မိုးကောင်းသည်ဟူသောဝါကျတွင် မိုးကောင်းသည့်အချိန်အခါမှာ ယခင်နှစ်ဖြစ်ကြောင်း အချိန်ပြဝိဘတ် ‘က’ က ဝေဖန်ပိုင်းခြားပြသည်။

ဖော်ပြခဲ့သော ဝါကျများတွင်သုံးသော ‘က’ ဝိဘတ်အစား ‘မှ’ ဝိဘတ်ကို လဲလှယ်သုံးနှုန်းနိုင်သည်မှာ ထွက်ခွာရာပြဝိဘတ် ‘က’ အစား ထွက်ခွာရာပြဝိဘတ် ‘မှ’ တစ်မျိုးတည်းသာ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ‘မှ’ သည်လည်း ‘က’ ကဲ့သို့ပင် ထွက်ခွာရာပြဝိဘတ် ဖြစ်နေသောကြောင့်ဖြစ်သည်။

‘မှ’ ဝိဘတ်ကို ဝိဘတ်အနေဖြင့် ထွက်ခွာရာပြဝိဘတ်အဖြစ်သာ သုံးနိုင်သည်။

သူမန္တလေး ‘မှ’ ပြန်လာပြီဟူသော ဝါကျတွင် သူထွက်ခွာလာရာ အရပ်သည် မန္တလေးဖြစ်ကြောင်း ထွက်ခွာရာပြဝိဘတ် ‘မှ’ က ဝေဖန်ပိုင်းခြားပြသည်။ ထို့ကြောင့် သူမန္တလေး ‘က’ ပြန်လာပြီဟူ၍လည်းကောင်း၊ သူ မန္တလေး ‘မှ’ ပြန်လာပြီဟူ၍ လည်းကောင်း သုံးနိုင်သည်။

သို့ရာတွင်-

ဆရာ ‘မှ’ တပည့်ကို ဆုံးမသည် ဟူ၍လည်းကောင်း
ဆရာ ‘မှ’ လူပျိုကြီးဖြစ်သည် ဟူ၍လည်းကောင်း
ဆရာ ‘မှ’ ကျောင်း၌ တစ်နေ့လုံးရှိသည် ဟူ၍လည်းကောင်း
ယခင်နှစ် ‘မှ’ မိုးကောင်းသည်ဟူ၍လည်းကောင်း
ကျောင်း ‘မှ’ စောင့်နေပါဟူ၍လည်းကောင်း မသုံးနိုင်ပါ။
အောက်ပါပုံစံဖြင့် မှတ်နိုင်ပါသည်။

ကတ္တား(ပြုသူဖြစ်သူရှိသူ-နာမ်) + မှ (ထွက်ခွာရာပြဝိဘတ်) + ကြိယာ

**မှတ်ရန်** ။ ။ ‘မှ’ကို ကတ္တားဝိဘတ်အဖြစ် မည်သည့်အခါတွင်မျှ မသုံးရပါ။ ‘မှ’ ဝိဘတ်၏ရှေ့တွင် ကပ်လျက်ကတ္တားပုဒ် မရှိနိုင်ပါ။ ‘မှ’ ကို ထွက်ခွာရာပြဝိဘတ်အဖြစ်သာ သုံးရပါသည်။ ထို့ကြောင့် ‘မှ’ ၏ ရှေ့တွင် ကပ်လျက် ထွက်ခွာရာနေရာဌာနသာ ရှိရပါသည်။ ‘မှ’ ကို သုံးတော့မည် ဆိုလျှင် ‘မှ’ ရှေ့တွင် ကပ်လျက်ရှိသော ‘နာမ်’ သည် ထွက်ခွာရာနေရာဌာနဖြစ်မဖြစ် စစ်ကြည့်ပါ။ ထိုနာမ်သည် ထွက်ခွာရာနေရာဌာနဖြစ်မှ ‘မှ’ ကိုသုံးပါ။

‘ကို’ နှင့် ‘အား’

‘ကို’ သည် ကံဝိဘတ် ဖြစ်သည်။ ပြုလုပ်ခြင်းခံရသောသူ၊ ပြုလုပ်ခြင်းခံရသောအရာကို ပြသည့်ဝိဘတ်ကို ကံဝိဘတ်ဟုခေါ်သည်။

လူဆိုး ‘ကို’ ဖမ်းသည်ဟူသောဝါကျတွင် အဖမ်းခံရသောသူမှာ လူဆိုးဖြစ်ကြောင်းကို ကံဝိဘတ် ‘ကို’ က ဝေဖန်ပိုင်းခြားပြသည်။ ပန်း ‘ကို’ ပေးသည်ဟူသော ဝါကျတွင် အပေးခံရသည့်အရာမှာ ပန်းဖြစ်ကြောင်းကို ကံဝိဘတ် ‘ကို’ က ဝေဖန်ပိုင်းခြားပြသည်။

ဆရာက စာအုပ်ကို တပည့်အားပေးသည် ဟူသော ဝါကျတွင် ပေးသူသည် ဆရာဖြစ်ကြောင်း ကတ္တားဝိဘတ် ‘က’ က ဝေဖန်ပိုင်းခြားပြသည်။ အပေးခံရသည့်အရာမှာ စာအုပ်ဖြစ်ကြောင်း ကံဝိဘတ် ‘ကို’ က ဝေဖန်ပိုင်းခြားပြသည်။ စာအုပ်ကိုလက်ခံသူမှာ တပည့်ဖြစ်ကြောင်း လက်ခံပြဝိဘတ် ‘အား’ က ဝေဖန်ပိုင်းခြားပြသည်။

‘ကို’ နှင့် ‘အား’ အသုံးမမှားကြရန်မှာ ‘ကို’ (ကံဝိဘတ်)၏ ရှေ့တွင် ပြုလုပ်ခြင်းခံရသောသူ သို့မဟုတ် ပြုလုပ်ခြင်းခံရသောအရာ (ကံ) ရှိရမည်။ ‘အား’ (လက်ခံပြဝိဘတ်)၏ ရှေ့တွင် ကပ်လျက် လက်ခံသူရှိရမည်ဟူသော အချက်ကို သတိပြုကြရန်ဖြစ်သည်။

အောက်ပါပုံစံဖြင့် မှတ်ထားနိုင်ပါသည်။

‘ကံ’ (ပြုလုပ်ခြင်းခံရသူ/အရာ-နာမ်/နာမ်စား) + ‘ကို’ (ကံဝိဘတ်) + ကြိယာ
လက်ခံသူ (နာမ်/နာမ်စား) + အား (လက်ခံပြဝိဘတ်) + ကြိယာ

**မှတ်ရန်** ။ ။ ‘အား’ ၏ရှေ့ရှိ နာမ်/နာမ်စားသည် တစ်စုံတစ်ရာကိုလက်ခံသူ ဟုတ်၊ မဟုတ် စစ်ဆေးပါ။ ထိုနာမ်/နာမ်စားသည် တစ်စုံတစ်ရာကို လက်ခံသူ နာမ်/နာမ်စားဖြစ်မှ ‘အား’ ကို သုံးပါ။ ‘ကို’ ၏ ရှေ့ရှိ နာမ်/နာမ်စားသည် တစ်စုံတစ်ရာ အပြုခံရသူ/အရာဟုတ်၊ မဟုတ်စစ်ဆေးပါ။ ထိုနာမ်/နာမ်စားသည် တစ်စုံတစ်ရာ အပြုခံသူ/အရာဖြစ်မှ ‘ကို’ ကို သုံးပါ။

**မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ**

## မိတ္ထီလာမြို့၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မိတ္ထီလာ မေ ၁**

မိတ္ထီလာမြို့ ရတနာမာရ်အောင်ရပ်ကွက်ရှိ ရွှေမြင်တင်စေတီတော်မြတ်ကြီးတွင် (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးကုသိုလ်ပြုခြင်း၊ စေတီတော်အား ရေသပ္ပာယ်ခြင်းတို့ကို ယနေ့နံနက် ၈ နာရီက ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း ဦးဆောင်၍ မိတ္ထီလာခရိုင်/မြို့နယ်/နယ်မြေမီးသတ်စခန်းများမှ တပ်ဖွဲ့ဝင်မိသားစုဝင်များ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် မီးသတ်တပ်ဖွဲ့ဝင်များ သွေးလှူဒါန်းမှုနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှုအားပေး

နေပြည်တော် မေ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ၂၀၂၄ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင် - ၁၀၀၀)တွင် သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခြင်းနှင့် ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင် - ၁၀၀၀) တွင် မီးသတ်တပ်ဖွဲ့ဝင် ၆၃ ဦး စုပေါင်းသွေးလှူဒါန်းမှုနှင့် ဆေးရုံဝင်းအတွင်း တပ်ဖွဲ့ဝင်အင်အား ၃၀၀ တို့ဖြင့် သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ သန့်ရှင်းရေးပြုလုပ်ခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း စသည့် စုပေါင်းသန့်ရှင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး စုပေါင်းသွေးလှူရှင်များနှင့် သန့်ရှင်းရေး ဆောင်ရွက်နေကြသည့် တပ်ဖွဲ့ဝင်များကို ခွန်အားပြည့်အာဟာရ အစားအစာများ ထောက်ပံ့ပေးအပ်သည်။

ယနေ့အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် အရာရှိကြီးများ၊ သန္နေတပ်ဖွဲ့ဝင်များနှင့် အရန်တပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**





# (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းခြင်းဆောင်ရွက်

ရန်ကုန် မေ ၁

(၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းပွဲကို ယနေ့နံနက် ၇ နာရီက လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သွေးလှူဒါန်း**

အဆိုပါသွေးလှူဒါန်းပွဲနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူနှင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သီတာလှတို့ ဦးဆောင်သော သန္နေ/ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၃၂ ဦးတို့က သွေးလှူဒါန်းကြပြီး မီးသတ်တပ်ဖွဲ့ဝင် ၅၅၀ တို့က ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ အမှိုက်သရိုက်များ၊ ချုံနွယ်များနှင့် အဆောက်အအုံများတွင် တွယ်ကပ်နေသည့် အပင်များရှင်းလင်းခြင်းလုပ်ငန်းများကို အပိုင်းလိုက်ခွဲ၍ ဆောင်ရွက်ကြသည်။

ထိုသို့ သွေးလှူဒါန်းမှုနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ကြည့်ရှုအားပေးကြပြီး မီးသတ်တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအတွက် အင်အားဖြည့်ရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **လင်းရာမ**

# မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ဆိုင်းဘုတ်တင်ခြင်းနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ

မန္တလေး မေ ၁

(၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၁ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် (၂၉ x ၁) လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး (ဗဟိုမီးသတ်)တွင် ဆိုင်းဘုတ်တင်ခြင်းအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ သန္နေ(အငြိမ်းစား) မီးသတ်ဝန်ထမ်းဟောင်းများနှင့် အသက် (၇၀)နှင့်အထက် လက်ရှိတာဝန်ထမ်းဆောင်နေသူ အရန်မီးသတ် တပ်ဖွဲ့ဝင်များအား သက်ကြီး ပူဇော်ကန်တော့ခြင်း အခမ်းအနားကို ကျင်းပခဲ့ပြီး ငွေသားနှင့် ကန်တော့ပစ္စည်းတို့ဖြင့် ကန်တော့ခဲ့ကြသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ဗဟိုမီးသတ် သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးသူဇာ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်အောင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးမြို့အရန်မီးသတ်ကြီးကြပ်ကော်မတီဝင်များ၊ မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များနှင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **၂၂၂**



# (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သောက်သုံးရေ ဂါလန် ၄၄၀၀ လှူဒါန်း

ကျိုက်မရော မေ ၁

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မီးသတ်ဦးစီးဌာနက မေ ၅ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆုတောင်းပြည့်ဘုရားကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် အတ္တရံရပ်ကွက်ပြည်သူများအား သောက်သုံးရေ ဂါလန် ၄၄၀၀ အခမဲ့ဖြန့်ဝေပေးခြင်းကို မေ ၁ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သောင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဆုတောင်းပြည့်ဘုရားကြီး ရင်ပြင်တော်ပေါ်၌ ရေဖျန်းခြင်း၊ အမှိုက်များ ရှင်းလင်းပေးခြင်းတို့ကို ဆောင်ရွက်ကြပြီး အတ္တရံရပ်ကွက်သို့သွားရောက်၍ မီးသတ်ရေသယ်ယာဉ် သုံးစီးဖြင့် ရေဂါလန် ၄၄၀၀ ကို အိမ်တိုင်ရာရောက် လှည့်လည်ဖြန့်ဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **မချို(ပြန်/ဆက်)**



## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၁

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများတွင် ဘုရားသမိုင်းနှင့်ဘုရားဖူးလမ်းညွှန်များ တပ်ဆင်မည့်အခြေအနေ ရှင်းလင်းဆွေးနွေးပွဲ တက်ရောက်



နေပြည်တော် မေ ၁

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတီဘုရားများတွင် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန် (Pagoda Digital Directory)များ တပ်ဆင်မည့်အခြေအနေ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ မန္တလေးမြို့ပေါ်ရှိ အထင်ကရဘုရားစေတီများမှ ဂေါပကများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပထမအဆင့်အနေဖြင့် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားအပါအဝင် ကိုးဆူကို စတင်ဆောင်ရွက်ခဲ့ပြီး ပဲခူးမြို့ရှိ ရွှေမော်ဓောဘုရားကို ထပ်မံထည့်သွင်း၍ ၎င်းဘုရား ၁၀ ဆူတို့၏ Pagoda Digital Directory ကို ၂၀၂၃ ခုနှစ် ဩဂုတ်လမှစတင် ဆောင်ရွက်ခဲ့ကြောင်း၊ Pagoda Digital Directory ဖြင့် Websiteများ ပြသနိုင်ရေးအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(ပြည်၊ မကွေး၊ တောင်ငူ၊ သထုံ)ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သမိုင်းဝင်ထင်ရှားသော ဘုရားများအတွက်ပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နောင်လာနောက်သား မျိုးဆက်သစ်များအနေဖြင့် မိမိတို့၏ဘာသာ၊ သာသနာရေးနှင့် ပတ်သက်၍ အလွယ်တကူသိရှိ ဖတ်ရှုလေ့လာနိုင်ပြီဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဂေါပကများအနေဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရားများတွင် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန် (Pagoda Digital Directory) များ တပ်ဆင်မည့်အခြေအနေ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက် သွားမည့် အခြေအနေ၊ နည်းပညာရပ်ဆိုင်ရာများကို မန္တလေးနည်းပညာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်တို့ အကူအညီရယူဆောင်ရွက်သွားမည့် အခြေအနေတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ဂေါပက အဖွဲ့ဝင် ဘဏ္ဍာထိန်းဦးလှမြင့်က ရွှေတိဂုံစေတီတော်တွင် ဆောင်ရွက်ပြီးစီးသွားသည့် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန် (Pagoda Digital Directory)လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေတို့နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်ဦးမြင့်ဦးက တန်ခိုးကြီးဘုရား ၁၀ ဆူတွင် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန် (Pagoda Digital Directory) ဆောင်ရွက်ပြီးစီးမှု၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပုဂံရှေးဟောင်းဒေသရှိ အာနန္ဒာဘုရား၊ ရွှေစည်းခုံဘုရား၊ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၊ မန္တလေးမဟာမြတ်မုနိဘုရားတို့ တွင် Pagoda Digital Directory ဆောင်ရွက်မှု၊ ပုဂံရှေးဟောင်းဒေသတွင် ဘုရားစေတီ ၁၈ ဆူ ဆောင်ရွက်မည့် အခြေအနေတို့ကို ထပ်ဆင့်ရှင်းလင်းတင်ပြပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေမီဉာဏ်ဝင်းက ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များကို အသေးစိတ်တင်ပြကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြား၍ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး အထက်မြန်မာပြည်နှလုံးအထူးကုစင်တာ နှလုံးအထူးကြပ်မတ်ဆောင်ငါးလွှာတွင် ဆေးကုသမှုခံယူနေသော အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယကချုပ် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုလန္ဒောဘာသာဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေကို မေးမြန်းလျှောက်ထားပြီး ဆရာတော်ကြီးထံ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြင်စိုင်းမြို့ဟောင်းအနီးတွင် တည်ရှိသည့် ဝါစေ့တောင်၌ ယခင်က မွန်ဂိုများကို တိုက်ခိုက်စဉ် အသုံးပြုခဲ့သည်ဟု ယူဆရသော ကျောက်လိုဏ်ဂူများ ရှိနေ

ရန်ကုန် မေ ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မြင်စိုင်းမြို့ဟောင်းအနီးတွင် တည်ရှိသည့် တောင်ကျွန်းဟုခေါ်သော ဝါစေ့တောင်၌ ယခင်က မွန်ဂိုများကို တိုက်ခိုက်စဉ် အသုံးပြုခဲ့သည်ဟု ယူဆရမည့် ကျောက်လိုဏ်ဂူများ ရှိနေကြောင်းသိရသည်။

လိုဏ်ဂူအချို့သာ လူဝင်၍ ရသော အနေအထားရှိ၍ ကျန်လိုဏ်ဂူများမှာ ပြိုကျခြင်း၊ ဝင်ပေါက်ပိတ်ဆို့ခြင်းများဖြစ်နေကြောင်း အဆိုပါလိုဏ်ဂူများအကြောင်းကို လူမှုကွန်ရက်စာမျက်နှာတွင် တင်ခဲ့သူ



စိတ္တဂုတ်ဂူအတွင်း၌တွေ့ရသော နံရံဆေးရေး ပန်းချီများ။

ဒေသခံတစ်ဦး ဖြစ်သည့် ကိုအေးမင်းထံမှ သိရသည်။

မြင်စိုင်းဒေသတွင် ရှေးလက်ရာ စေတီပုထိုးများ၊ ဘုရား၊ ကျောင်းကန်များရှိနေဆဲဖြစ်ကာ အဆိုပါဒေသသည် မွန်ဂိုတို့ကို ဥမင်တူးကာ ခုခံခဲ့သည်ဟု ကျော်ကြားသည့် နေရာဖြစ်ပြီး ရွှေဥမင်တောင်တန်းရှိ ရွှေဥမင်ဂူနှင့် စိတ္တဂုတ်ဂူအတွင်း၌ မြင်စိုင်းခေတ်လက်ရာ နံရံဆေးရေးပန်းချီများ ကျန်ရှိနေသေးကြောင်းလည်း သိရသည်။

"မြို့ရိုးနန်းတော်ရာလို့ ယူဆတဲ့ နေရာက အခု ကုလားကျောင်းဆိုတဲ့ ရွာဖြစ်နေတယ်။ အဲဒီရွာတစ်ရွာလုံးက မြို့ရိုးကြီးထဲမှာပဲ ရှိတယ်။ မြို့ရိုးနေရာက သမိုင်းပညာရှင်တွေ ပြောပြတာက တောင်မတ်မတ်တွေကြောင့် သဘာဝခံတပ်ကြီးလို ဖြစ်နေတာပါ။ အဲဒီတောင်က ကုလားကျောင်းရွာ အရှေ့ဘက်ပါ။ တောင်မှာ လိုဏ်ဂူတွေ တူးထားတာ။ ဝင်ပေါက်တွေက ကျဉ်းကျဉ်းလေးတွေ ။ ဒါပေမဲ့ အထဲကို ဝင်သွားပြီဆိုရင် ဂူတွေက ကျယ်တယ်။ လူတွေကလည်း ဝင်ကြတယ်။ အရင်တုန်းကလည်း လာတူးကြတယ်လို့ ပြောဖူးတယ်။ အရင်တုန်းက ကျွန်တော်တို့ မမွေးခင်ကပါ။ ဂူတွေပြိုကုန်တာလည်း ရှိတယ်။ စုစုပေါင်းကို ကျွန်တော်သိသလောက် လိုဏ်ဂူ အလုံး ၂၀ လောက် ရှိတယ်။ တချို့ဂူဆို အဲဒီဂူ အပေါ်ကို ရောက်နေပေမယ့် အဲဒီဂူကို မမြင်ရဘူး။ နယ်ခံတွေ တောင် မျက်စိလည်နေတာ။ အတွင်းထဲမှာ အကျယ်ကြီး ဖြစ်သွားတာ။ မြွေအကြီးကြီးတွေလည်းရှိတော့ အရင်က မဝင်ရဲဘူး။ အခု ဝါစေ့တောင်မှာ ရှိတဲ့ ဂူတော်တော်များများက ပြိုကျကုန်တယ်" ဟု ၎င်းက ပြောသည်။

ထိုသို့ ပြိုကျရသည့် အကြောင်းရင်းများစွာထဲတွင် ကျောက်မိုင်းခွဲခဲ့ခြင်းနှင့် ရာသီဥတုအခြေအနေကြောင့်လည်း ဖြစ်ကြောင်း သိရသည်။ "လူဝင်လို့ ရတာက ဆယ်ခုမှာတောင် လွတ်လွတ်လပ်လပ်ဝင်လို့ရတဲ့ လိုဏ်ဂူက သုံးဂူလောက်ပဲရှိတယ်။ ခါးလေးကုန်းပြီးဝင်ရတာ။ တခြားဂူတွေက ဝမ်းလျားမှောက်ပြီး ဝင်ရတာလည်းရှိတယ်။ အမိုးလိုက်ကြီး ပြိုကျတဲ့ ဂူတွေလည်းရှိတယ်။ တောင်ရဲ့အရှေ့ဆုံး အဖျားလေးမှာ ညာဘက်ခြမ်းက ဂူမှာ ရေးရေးလေးပဲရှိတဲ့ ကနုတ်ပန်းတွေ နံရံမှာရေးထားတာလည်း တွေ့တယ်" ဟု ကိုအေးမင်းက ပြောသည်။

**Htet Oo Maung**



# (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လုပ်အားဒါန ပြုလုပ်

ပုသိမ် မေ ၁

(၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်းမှ သန္ဓေနှင့်အရန် မီးသတ်တပ်ဖွဲ့ဝင်များက ပုသိမ်မြို့ အမှတ်(၁၂)ရက်ကွက် လေးကျွန်းရန်အောင်ဖောင်တော်ဦးစေတီတော် (ရေကြည်ဦး)ဘုရားတွင် လုပ်အားဒါနပေးပွဲ စုပေါင်းသန့်ရှင်းရေးပြုလုပ်သည်။

အလားတူ ဟင်္သာတမြို့နယ်ရှိ သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင်များအင်အားစုစုပေါင်း ၇၀ တို့က မြို့သူကြီးဘုရားတွင် လုပ်အားဒါနပေးပွဲကိုလည်းကောင်း၊ လပွတ္တာမြို့နယ်ရှိ သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးခန့်က ခုတင် ၂၀၀ ဆံ့ ဆေးရုံတွင် စုပေါင်းသွေးလှူဒါန်းပွဲကိုလည်းကောင်း ဆောင်ရွက်ခြင်းဖြင့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာရှနှင့် ပစိဖိတ်ဒေသခရီးသွားလုပ်ငန်းတွင် အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ဒုတိယအကြိမ်ကွန်ဖရင့်သို့ တက်ရောက်ရန် အင်ဒိုနီးရှားနိုင်ငံသို့ထွက်ခွာ



နေပြည်တော် မေ ၁

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်နှင့် အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် တီထွင်ဖန်တီးမှုရှိသော စီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီးတို့၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံ Nusa Dua Bali ရှိ Bali International Convention Center (BICC) ၌ မေ ၂ ရက် မှ ၄ ရက်အထိ ကျင်းပမည့် အာရှနှင့် ပစိဖိတ်ဒေသခရီးသွားလုပ်ငန်းတွင် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ဒုတိယအကြိမ်ကွန်ဖရင့်သို့ တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့သို့ ထွက်ခွာသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါကွန်ဖရင့်အား "ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းနှင့် အနာဂတ်တွင် အားလုံးပါဝင်မှုဖော်ဆောင်နိုင်ရေး အမျိုးသမီးများ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်များ" ("Woman-Led Initiatives Shaping The Future of Inclusive and Sustainable Tourism") ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးအဆင့် စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသွားမည်ဖြစ်သည်။ ကွန်ဖရင့်ကို ခရီးသွားလုပ်ငန်းကဏ္ဍတွင် အခွင့်အလမ်းများ ဖွင့်လှစ်နိုင်ရေးအတွက် အမျိုးသမီးများ၏ ဦးဆောင်နိုင်မည့်အစပြုမှုအစီအစဉ်များကို ရှာဖွေဖော်ထုတ်သွားရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လယ်ဝေးမြို့နယ် ပြည်သူလူထုနှင့်တွေ့ဆုံ

နေပြည်တော် မေ ၁

ပြည်ထောင်စု နယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် လယ်ဝေးမြို့ အမှတ်(၂) အားကစားလေ့ကျင့်ရေးစခန်း အားကစားခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေခံပြည်သူများ တက်ရောက်ကြသည်။



**အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေ ထုတ်ပြန်ပြီးသည့်နောက်တွင် ရပ်ရွာအေးချမ်းသာယာရေးကို ထိတ်လန့်တုန်လှုပ် ချောက်ချားစေရေး ရည်ရွယ်ချက်ထားပြီး လုပ်ကြံဖန်တီးမှုလုပ်ရပ်များကို တွေ့ရပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေတွင် သတ်မှတ်ထားသည့်အသက်အရွယ်အတွင်း ဥပဒေနှင့် ကိုက်ညီသူများထဲမှ ပညာသင်ကြားနေဆဲ၊ မိအိုဖအို ပြုစုလုပ်ကျွေးနေရသူ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျန်းမာရေးကြောင့် ဆေးကုသမှုခံယူနေရသူများကို ယာယီရွှေ့ဆိုင်းပေးထားမည်ဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းရန်မသင့်လျော်သူ များကိုလည်း အကြောင်းမဲ့သက်သက် ခေါ်ယူမည် မဟုတ်သလို ယခုကာလတွင် အမျိုးသမီးများကို ပြည်သူ့စစ်မှုထမ်း ခေါ်ယူရန်မရှိသေးကြောင်း။

ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရသဖြင့် ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်ဝစွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်အောင် စနစ်တကျ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသဖြင့် MSME ထုတ်ကုန်များကို အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ ပြည်ပပို့ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ သဘာဝ ဘေးအန္တရာယ်နှင့် ပတ်သက်၍ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ အရေးပေါ်အခြေအနေအတွက် လိုအပ်သည့် ကြိုတင် ပြင်ဆင်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရန် လိုအပ်ကြောင်း၊ သစ်ပင်သစ်တောများ စိုက်ပျိုးခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကိုအထိုက်အလျောက် လျှော့ချနိုင်သဖြင့် ကျေးရွာအုပ်စုများ အလိုက် သစ်တောစိုက်ခင်းများ စိုက်ပျိုးအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကိုနှင့် လယ်ဝေးခရိုင် ဥပဒေအရာရှိ ဒေါ်စုယဉ်လှိုင်တို့က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ စစ်မှုထမ်းဆောင်ကြပါစို့ Video Clipနှင့် သမိုင်းပေးတာဝန် Video Clip တို့ကို ပြသသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက တက်ရောက်လာကြသည့် တောင်သူများအား နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေအစီအစဉ်ဖြင့် ထိုင်းနံ့ကောက်မျိုးစပါးများ၊ ယူရီးယားမြေဩဇာနှင့် ကွန်ပေါင်းမြေဩဇာများ၊ နေကြာမျိုးစေ့များနှင့် နှမ်းမျိုးစေ့များကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အထိမ်းအမှတ် အလုပ်သမားများနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး အာဟာရဖြစ်အစားအစာများနှင့်ဆေးဝါးများထောက်ပံ့ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် စက်မှုလယ်ယာဦးစီးဌာနက ခင်းကျင်းပြသထားသည့် လယ်ယာလုပ်ငန်းခွင်သုံး စက်ကိရိယာများနှင့် စပါးပျိုးဗန်းဖြင့် ပျိုးထောင်နေမှုသရုပ်ပြသခြင်းကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*** ရှေ့ဖုံးမှ**

အလုပ်ကမ်းလှမ်းစာများကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့စိစစ်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံရှိ အလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့် စက်ရုံ/ ကုမ္ပဏီများသည် ဂျပန်နိုင်ငံတွင် တရားဝင်တည်ထောင်ထားခြင်း ရှိ/ မရှိ စာရွက်စာတမ်း အထောက်အထားများ စိစစ်ပြီး စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့လျက်ရှိကြောင်းလည်း သိရသည်။

**အသိပေးထား**

မြန်မာသံရုံး တိုကျိုမြို့အနေဖြင့် Demand Letter များကို ဂျပန်ကုမ္ပဏီများထံမှ ပြန်ကြားစာလက်ခံရရှိသည့် ရက်စွဲအလိုက် အစဉ်အတိုင်း စိစစ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် မတ် ၁၉ ရက်အထိ လက်ခံရရှိ၍ စိစစ်ပြီးစီးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၄၀၈ ခုနှင့်ပတ်သက်သည့် အချက်အလက်များအား အသိပေးထုတ်ပြန်အပ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ဧပြီ ၃၀ ရက်တွင် အသိပေးထားသည်။

ပြီးခဲ့သည့် ဧပြီ ၁၂ ရက်က မြန်မာသံရုံး တိုကျိုမြို့အနေဖြင့် Demand Letter များကို ဂျပန်ကုမ္ပဏီများထံမှပြန်ကြားစာလက်ခံရရှိသည့် ရက်စွဲအလိုက် အစဉ်အတိုင်း စိစစ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် မတ် ၅ ရက်အထိ လက်ခံရရှိ၍ စိစစ်ပြီးစီးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၄၀၃ ခုနှင့် ပတ်သက်သည့် အချက်အလက်များအား အသိပေးထုတ်ပြန်ချက်အရ ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာအလုပ်သမား အမျိုးသား ၃၃၀ ကျော်၊ အမျိုးသမီး ၉၄၀ ကျော် စုစုပေါင်း ၁၂၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း ထုတ်ပြန်ထားချက်အရ သိရသည်။

**MT**



ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မြန်မာရပ်ကွက်ရှိ ဓမ္မသုခသီလရှင်စာသင်တိုက်အတွင်း တည်ထားကိုးကွယ်မည့် ဉာဏ်တော် ၂၇ တောင် စေတီတော်တည်ဆောက်မှုလုပ်ငန်းတွင် သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး အောင်မင်း ဦးစီးသည့် ရဲတပ်ဖွဲ့မိသားစုများနှင့် ဒေသခံရှမ်းအမျိုးသမီး ယဉ်ကျေးမှုအဖွဲ့ဝင်များ မေ ၁ ရက် နံနက်ပိုင်းက လုပ်အားဒါနပြု စုပေါင်းဆောင်ရွက်ကြစဉ်။

၂၁၀

# ဝါကြိတ်စက် စက်မှုလုပ်ငန်း၏ လမ်းကြောင်းအသစ်များ

ကိုချင်း

( ယမန်နေ့မှအဆက် )

လက်ရှိတွင် ဝါကြိတ်ခြင်းအတွက် ကျယ်ပြန့်စွာ အသုံးပြုနေသည့် ဝါကြိတ်နည်းပညာ နှစ်မျိုး ရှိပါသည်-

(၁) **လွှသွားပါ ဝါကြိတ်စက်ဖြင့် ဝါကြိတ်ခြင်း (Saw Ginning)** - ကမ္ဘာပေါ်ရှိ ဝါဂွမ်း၏ ၆၅ ရာခိုင်နှုန်းခန့်သည် လွှသွားပါ ဝါကြိတ်စက်ဖြင့် ဝါကြိတ်ခြင်းဖြင့်ဝါကြိတ်ကြပြီး ၎င်းတွင် ချည်မျှင်ရှည် (Lint) ပါသည့် အစေ့များ ပြတ်သွားခြင်းမှ ကာကွယ်ထားသည့် အနည်းငယ်ကွာဟနေသော တိုင်များကြားမှ အစေ့၏အမျှင်များကို လွှသွားများဖြင့် အရှိန်ပြင်းပြင်းဖြင့် ဆွဲထုတ်ပါသည်။ အစေ့များ စုဆောင်းသည့်ပုံး သို့မဟုတ် အစေ့များကို သယ်ဆောင်မည့်ကွန်ဘေယာ ကြိုးပြားပေါ်သို့ အစေ့များ ကျသွားပါသည်။ ချည်မျှင်ရှည် (Lint) ကို အရှိန်မြင့် ပွတ်တိုက်ခြင်း သို့မဟုတ် လေအားဖြင့် မှုတ်ထုတ်ကာ လွှသွားများဖြင့် ဖယ်ထုတ်ပါသည်။

လွှသွားပါ ဝါကြိတ်စက်သည် တစ်နာရီလျှင် ၅၀၀ ကီလိုဂရမ်မှ ၆၈၀၀ ကီလိုဂရမ် အထိ စွမ်းရည်အမျိုးမျိုးရှိသောစက်များဖြင့် ချည်မျှင်ရှည် (Lint) များကို ထုတ်ယူနိုင်ပါသည်။ သို့သော် လွှသွားပါ ဝါကြိတ်စက်သည် ကြိတ်လုံး တစ်လုံးနှင့် နှစ်လုံးပါ ဝါကြိတ်စက်များထက် ဝါကြိတ်ရာခိုင်နှုန်း ၁ ရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းအထိ လျော့နည်းပါသည်။ လွှသွားပါ ဝါကြိတ်စက်၏ ဝါကြိတ်အထွက်နှုန်းမှာ အလွန်မြင့်မားသော်လည်း အဆိုပါ ဝါကြိတ်စက်များသည် ပိုရှည်သည့် အမျှင် (extra-long staple - ELS) မျိုးကွဲများအတွက် မသင့်လျော်ပါ။

ချည်မျှင်ရှည် (Lint) ထွက်ရှိမှုတွင် ကြိတ်လုံးပါ ဝါကြိတ်စက်များမှ ချည်မျှင်ရှည် (Lint) ထွက်ရှိမှုထက် ပို၍နူးညံ့မှုရှိပါသည်။ လွှသွားပါ ဝါကြိတ်စက်သည် အထူးတည်ဆောက်ထားသော ရွေ့လျားနေသည့် အစိတ်အပိုင်းများစွာပါဝင်ပြီး အစိတ်အပိုင်းများအား ရရှိရန် အကြိမ်များစွာ အဆင်သင့်မဖြစ်နိုင်သောကြောင့် ပြုပြင်ထိန်းသိမ်းခြင်းအတွက် ကုန်ကျစရိတ် အလွန်များပါသည်။ ထို့အပြင် ဝါစေ့များကို ကြိတ်ခွဲရာတွင် အကောင်းမွန်ဆုံး ထွက်ရှိစေရန်နှင့် ဟောင်းနွမ်းနေသော အစိတ်အပိုင်းများကို အစားထိုးပြီး ဝါကြိတ်စက်ကို တစ်ပြေးညီ စီမံဆောင်ရွက်ပေးရန်အတွက် လွှသွားပါဝါကြိတ်စက်လည်ပတ်မှုနှင့်ပတ်သက်၍ ကျွမ်းကျင်ပြီး



အတွေ့အကြုံရှိသော နည်းပညာရှင် တစ်ဦး လိုအပ်ပါသည်။

အမျှင်တိုနှင့် အမျှင်လတ်များကို ကြိတ်ခွဲရာတွင် အမျှင်များပြတ်တောက်ခြင်းနှင့် အရည်အသွေးကို ထိခိုက်မှုများသည့် ဝါမျိုးကွဲများသည် ကန့်သတ်ချက်များအရ အိန္ဒိယကဲ့သို့ နိုင်ငံများတွင် မတူညီသော အမျှင်အရည်အသွေးများဖြင့် စိုက်ပျိုးကြကာ ကြိတ်လုံးနှစ်လုံးပါ ဝါကြိတ်စက်များက လွှသွားပါ ဝါကြိတ်စက်များကို လုံးလုံးလျားလျား ဖယ်ထုတ်ထားပါသည်။

မတူညီသော အလုပ်လုပ်နိုင်သည့် အကျယ်ဖြင့် ပုံစံအမျိုးမျိုးရှိပြီး ထုတ်လုပ်မှုစွမ်းရည်နှင့် လွှသွားအချင်းပမာဏအရ တစ်နာရီလျှင် ဘေထုပ် နှစ်ထုပ်မှ အထုပ် ၃၀ အထိ ထုတ်လုပ်နိုင်သည့် စက်များအား အသုံးပြုနေကြပါသည်။ လွှသွားပါ ဝါကြိတ်စက် ထုတ်လုပ်မှုထင်ရှားသော နိုင်ငံများမှာ အမေရိကန်၊ အိန္ဒိယ၊ တရုတ်၊ ပါကစ္စတန်နှင့် ဥဇဘက်ကစ္စတန်တို့ ဖြစ်ပါသည်။

(၂) **ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်း (Roller Ginning)** - ကြိတ်လုံးပါ ဝါကြိတ်စက်တွင် ဝါစေ့များကို သယ်ဆောင်ရန် ကြိတ်လုံးများပါဝင်ပြီး တည်ငြိမ်သောဓားနှင့် လည်ပတ်နေသောဓားတို့ ပါဝင်ပါသည်။ ဤနည်းစဉ်တွင် ဝါကြိတ်သည့် ကြိတ်လုံးများ၏ မျက်နှာပြင်ကို သားရေ သို့မဟုတ် သင့်လျော်သော သတ္တုဖြင့် ပြုလုပ်ထားပြီး ဝါအမျှင်များကို မျက်နှာပြင်၌ တွယ်ကပ်စေခြင်းဖြင့် ဝါစေ့မှ ဝါအမျှင်များကို ခွဲထုတ်ပါသည်။ ၎င်းတို့ကို တည်ငြိမ်သောဓားနှင့် ကြိတ်လုံးအကြားတွင် ဝါအမျှင်များကို သီးခြားစီဆွဲထုတ်ပါသည်။

လည်ပတ်နေသောဓားဖြင့် ဝါစေ့ကို ဖိရိုက်ကာ ဆွဲဆန့်သည့် လုပ်ဆောင်ချက်ဖြင့် အမျှင်များကို ခွဲထုတ်ပါသည်။ ဤလုပ်ငန်းစဉ်ကို အဖန်တလဲလဲ အကြိမ်များစွာ ပြုလုပ်ပြီး တွန်း-ဆွဲ-ရိုက် လုပ်ဆောင်ချက်များကြောင့် အစေ့မှ အမျှင်များကို အဆက်မပြတ်ခွဲထုတ်ပြီး ရှေ့သို့သယ်ဆောင်လာကာ စက်မှ ဖယ်ထုတ်ပေးပါသည်။ ဤလုပ်ငန်းစဉ်သည် လွှသွားပါ ဝါကြိတ်စက်ဖြင့် ဝါကြိတ်ခြင်းနှင့် နှိုင်းယှဉ်ပါက နူးညံ့သိမ်မွေ့ပြီး အလယ်အလတ်၊ ရှည်လျားသောနှင့် ပို၍ရှည်လျားသော ဝါမျှင်အမျိုးမျိုးအား ကြိတ်ခွဲခြင်းအတွက် အသင့်တော်ဆုံး ဖြစ်ပါသည်။

ကြိတ်လုံးပါ ဝါကြိတ်စက်များသည် ပုံမှန်အားဖြင့် အမျှင်တိုနှင့် အမျှင်ငယ်များ ပါဝင်မှုနည်းပြီး ပိုမိုကောင်းမွန်သော အမျှင်ရှည်ကို ထုတ်ပေးပါသည်။ တည်ငြိမ်သည့် ကြိတ်လုံး တစ်လုံးနှင့် လည်ပတ်နေသော ဓားကြိတ်လုံးပါ ဝါကြိတ်စက် (Single Roller Stationary & Reciprocating Knife Roller Gin)၊ ကြိတ်လုံး နှစ်လုံးနှင့် လည်ပတ်နေသော ဓားကြိတ်လုံးပါ ဝါကြိတ်စက် (Double Roller Stationary and Reciprocating Knife Roller Gin)၊ လည်နေသောဓားနှင့် ကြိတ်လုံး တစ်လုံးပါ ဝါကြိတ်စက် (Rotary Knife Rotobar (Spiral or Straight) Single Roller Gin) ဟူ၍ ကြိတ်လုံးပါ ဝါကြိတ်စက် အဓိကအမျိုးအစား သုံးမျိုး ရှိပါသည်။

**၁၉၆၀-၂၀၁၀ ပြည့်နှစ်အတွင်း ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက်ဖြင့် ဝါကြိတ်ခြင်း (Double Roller Ginning) ၏ တိုးတက်မှုများ အကျဉ်းချုပ် သုံးသပ်ချက်**

၁၉၆၀ ပြည့်နှစ် မတိုင်မီက ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက်များ အားလုံးကို United Kingdom သို့မဟုတ် ဂျာမနီမှ အိန္ဒိယနှင့် အာဖရိကနိုင်ငံများသို့ တင်သွင်းခဲ့ပါသည်။ ၁၉၆၁ ခုနှစ်တွင် အိန္ဒိယ၌ ကြိတ်လုံးနှစ်လုံးပါ ဝါကြိတ်စက်များ၏ ဒီဇိုင်းကို အစောပိုင်းက ဆွစ်ဇာလန်နိုင်ငံမှ Volcart ၏ ပုံစံကို ဂျာမနီရှိ M/s. Montfort က ထုတ်လုပ်ခဲ့သည့် ပုံစံအား အခြေခံ၍ ထုတ်လုပ်ခဲ့ပါသည်။

ဤစက်၏ အလုပ်လုပ်နိုင်သောအကျယ်မှာ ၁၀၆၇ မီလီမီတာ ဖြစ်ပါသည်။ ၁၉၆၃ ခုနှစ်တွင် M/s. Platt Brothers U.K. ၏ ဒီဇိုင်းကိုအခြေခံ၍ အိန္ဒိယတွင် ကြိတ်လုံးနှစ်လုံးပါ ဝါကြိတ်စက်များကို စတင်ထုတ်လုပ်ခဲ့ပြီး နောက်ပိုင်းတွင် အိန္ဒိယမှ အခြားသောထုတ်လုပ်သူ အများအပြားသည် ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက်နှင့် ဆင်တူသော မော်ဒယ်လ်မျိုးစုံကို ထုတ်လုပ်ခဲ့ပါသည်။ အဓိက ထုတ်လုပ်သူ၏ ထင်ရှားသော မော်ဒယ်များကို အောက်တွင်ဖော်ပြထားပါသည်။

၁၉၇၀ ပြည့်နှစ်အထိ ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက်များသည် သေနတ်ပြုလုပ်သည့်သတ္တုဖြင့် ပြုလုပ်ထားသော ဘွတ်ရှ်ဘယ်ရင် (Bushing) များကို အသုံးပြုထုတ်လုပ်ခဲ့ကြပါသည်။ ဤဘွတ်ရှ် ဘယ်ရင် (Bushing) များသည် ပွတ်တိုက်မှုကို ပိုမိုမြင့်မားစေပါသည်။ ၁၉၇၂ ခုနှစ်တွင် သေနတ်ပြုလုပ်သည့် သတ္တုဖြင့်ပြုလုပ်ထားသော ဘွတ်ရှ်ဘယ်ရင် (Bushing) အားလုံးကို ဘယ်ရင် (Bearing) များအဖြစ် ပြောင်းလဲခဲ့ပြီး လျှပ်စစ်စွမ်းအားအကျိုးရှိစွာစွမ်းရည်မြှင့်တင်မှုကို မြှင့်တင်ပေးခဲ့ပါသည်။

၁၉၉၅ ခုနှစ်တွင် ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက်၏ အလုပ်လုပ်နိုင်သော အကျယ်ကို ၁၉၉၁ မီလီမီတာသို့ တိုးမြှင့်ခဲ့ပြီး အခြားအစိတ်အပိုင်းများ အားလုံးတွင်လည်း သင့်လျော်သော ပြောင်းလဲမှုများကို အောင်မြင်စွာ ပြုလုပ်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ် မတိုင်မီက ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက်များသို့ ဝါစေ့ထည့်ရာတွင် လူတစ်ဦးမှ စက်တစ်လုံးစီကို လူဖြင့် ကိုယ်တိုင်ထည့်၍ ဆောင်ရွက်ခဲ့ပါသည်။ ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက်အသုံးပြု စက်ရုံများတွင် အလိုအလျောက် ဝါထည့်သည့်အရာကို တီထွင်အသုံးပြုခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် အလိုအလျောက် လုပ်ဆောင်မှု လုပ်ငန်းစဉ်ကို တော်လှန်ပြောင်းလဲခဲ့ပါသည်။ ဤစက်ပစ္စည်းသည် လိုင်းတစ်ခုတွင် ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက် ၁၈ လုံးအထိ အလိုအလျောက် ဝါထည့်ရန်စီစဉ်နိုင်ပါသည်။ ထို့ကြောင့် လူအင်အား လိုအပ်ချက်မှာ သိသိသာသာ လျော့ပါးလာပါသည်။

အလိုအလျောက် ဝါထည့်သည့်စနစ်ကို တီထွင်ပြီးနောက် ဝါစုပ်ယူသည့်စနစ်၊ အစောင်းလိုက်နှင့် အလျားလိုက် ကြိုတင်သန့်ရှင်းရေး ပြုလုပ်သည့်စနစ်များ၊ အလိုအလျောက် ဖြန့်ဝေသည့် သယ်ဆောင်နိုင်သောကြိုးပြားများ၊ ဝါထည့်ရန် ထိန်းချုပ်သည့် ကတော့များ၊ ချည်မျှင်ရှည် (Lint) သန့်ရှင်းရေးစနစ်များ၊ စိုစွတ်မှုထိန်းချုပ်စနစ်၊ အလိုအလျောက် ထုပ်ပိုးစနစ်စသည်တို့ကို ထုတ်လုပ်သူများက ဒီဇိုင်းထုတ်ခဲ့ကြပါသည်။

အလိုအလျောက် ဝါထည့်သည့် စနစ်သည် ကြိတ်လုံးနှစ်လုံးပါဝါကြိတ်စက်များအသုံးပြုသည့် စက်ရုံများကို ခေတ်မီအောင် ပံ့ပိုးပေးခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှ စတင်ကာ အလျင်အမြန် ခေတ်မီတိုးတက်ခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်တို့အတွင်း အိန္ဒိယနှင့် အရှေ့အာဖရိကနိုင်ငံအချို့တွင် အလိုအလျောက် ကြိတ်လုံး နှစ်လုံး အခြေခံဝါကြိတ် စက်ရုံအသစ်များကို တပ်ဆင်ခဲ့ကြပြီး ၂၀၁၀ ပြည့်နှစ်အထိ ရှိပြီးသား ဝါကြိတ်စက်ရုံများအား ခေတ်မီအောင် ဆောင်ရွက်ခဲ့ကြပါသည်။ အလိုအလျောက် စနစ်ကြောင့် လူအင်အား လိုအပ်ချက်ကို ၁/၄ နီးပါးအထိ လျှော့ချထားချိန်တွင် အမှိုက်ပါဝင်မှုနှင့် ညစ်ညမ်းမှုကိုလည်း အတိုင်းအတာတစ်ခုအထိ သိသိသာသာ ထိန်းချုပ်ထားနိုင်ပါသည်။

အချို့သောလုပ်ငန်းများသည် အလိုအလျောက် (Semi-Auto) ထိန်းချုပ်မှုစနစ်ကြောင့် လူအင်အားထပ်ဖြည့်ရန် လိုအပ်ခြင်းများ ကျန်ရှိနေပါသည်။ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းတွင်လည်း လုပ်ငန်းလည်ပတ်မှုအတွက် စိန်ခေါ်မှုများ ကျန်ရှိနေပါသေးသည်။ စာမျက်နှာ ၇ သို့

**"အလိုအလျောက်ဝါထည့်သည့်စနစ်သည် ကြိတ်လုံးနှစ်လုံးပါ ဝါကြိတ်စက်များ အသုံးပြုသည့်စက်ရုံများကို ခေတ်မီအောင်ပံ့ပိုးပေးခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှစတင်ကာ အလျင်အမြန် ခေတ်မီတိုးတက်ခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်တို့အတွင်း အိန္ဒိယနှင့် အရှေ့အာဖရိကနိုင်ငံအချို့တွင် အလိုအလျောက် ကြိတ်လုံးနှစ်လုံး အခြေခံဝါကြိတ်စက်ရုံအသစ်များကို တပ်ဆင်ခဲ့ကြပြီး ၂၀၁၀ ပြည့်နှစ်အထိ ရှိပြီးသား ဝါကြိတ်စက်ရုံများအား ခေတ်မီအောင်ဆောင်ရွက်ခဲ့ကြပါသည်။ အလိုအလျောက် စနစ်ကြောင့် လူအင်အားလိုအပ်ချက်ကို ၁/၄ နီးပါးအထိ လျှော့ချထားချိန်တွင် အမှိုက်ပါဝင်မှုနှင့် ညစ်ညမ်းမှုကိုလည်း အတိုင်းအတာတစ်ခုအထိ သိသိသာသာ ထိန်းချုပ်ထားနိုင်"**

# ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ကေစာရင်းများ မှန်ကန်စွာကောက်ယူနိုင်ရေးနှင့် သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိစေရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် မေ ၁**

ဒေသအတွင်း ရာသီအလိုက် သီးနှံများစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ စိုက်ကေစာရင်းများ မှန်ကန်စွာလျာထားဆောင်ရွက်နိုင်ရေး၊ စာရင်းများ မှန်ကန်စေရေးနှင့် သတ်မှတ်ပန်းတိုင်အထွက်နှုန်း ရရှိနိုင်စေရေးအတွက် ဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန စသည့်ဌာနများနှင့်ပူးပေါင်း၍ မြေပြင်ကွင်းဆင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၈ ရက် ညပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တိုင်းတာဝန်ခံများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မိမိတို့ဒေသတွင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် သီးနှံများ၏ မျိုးကွဲအလိုက် စိုက်ကေများနှင့် အထွက်နှုန်းများ မှန်ကန်ရေးအတွက် အချိန်မီဆောင်ရွက်ရန် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များမှ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့်အဖွဲ့များကို အနီးကပ်ကြီးကြပ်ခြင်း၊ လိုအပ်သည့် မျိုးစေ့၊ သွင်းအားစု၊ ထွန်ယက်ရေး၊ စိုက်ပျိုးရေနှင့် နည်းပညာတို့ကို သီးနှံအတွက် လိုအပ်ချိန်တွင် ပံ့ပိုးပေးနိုင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အရင်းမပျောက်ချေးငွေများ ထုတ်ချေးနိုင်ရေး၊ ထွက်ရှိလာသောသီးနှံများ ဈေးကွက်ရရှိရေးစသည့်လုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ရန်လိုကြောင်း၊ ရေ၊ မြေအခြေအနေပေးသည့်နေရာများတွင် တစ်နှစ် နှစ်သီးမှ သုံးသီးစိုက်ပျိုးနိုင်ရေး၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် မမျှော်မှန်းနိုင်သောသဘာဝဘေးကျရောက်မှုများကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြုံတွေ့လာပါက သက်ဆိုင်ရာဌာနများ၊ ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်၊ စိုက်ကေ၊ အထွက်နှုန်းစသည့်ကိန်းဂဏန်းအချက်အလက်များကို အထူးအလေးထား တိတိကျကျမှတ်တမ်းတင်ကြရန် ဆွေးနွေးမှာကြားသည်။

အလားတူ ဧပြီ ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ၌ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံများနှင့်တွေ့ဆုံ၍ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း၏ လက်ရှိဆီထွက်သီးနှံဖြစ်သည့် မြေပဲအထွက်နှုန်းသည် ယခုနှစ်တွင် ကောင်းမွန်သော်လည်း လာမည့်နှစ်များတွင် အထွက်နှုန်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေး၊ နှမ်းသီးနှံကိုလည်း ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးစားဆောင်ရွက်နိုင်ရေး၊ စစ်တောင်းမြစ်ဝှမ်းအတွင်း နေကြာများဖြစ်ထွန်း၍ စိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး မြေ၊ ရေအခြေအနေပေးသည့် အခြားနေရာများတွင်လည်း ဖြစ်ထွန်းအောင် ဆက်လက်ကြိုးစားစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်လျာထားကေစာရင်းများ၊ သီးနှံအထွက်နှုန်းများကို မှန်ကန်စွာကောက်ခံနိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနများမှ လိုအပ်သလို မြေပြင်ကွင်းဆင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဧပြီ ၃၀ ရက်တွင် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်တွေ့ဆုံ၍ ပဲခူးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ အထူးဇုန်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး၊ ဝါသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အခြားသီးနှံများကိုလည်း ပန်းတိုင်အထွက်နှုန်း ရောက်ရှိနိုင်ရေးနှင့် စိုက်ကေ၊ အထွက်နှုန်း စသည့်ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရေးအပါအဝင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုအခြေအနေများကို တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❍ စာမျက်နှာ ၆ မှ

### ၂၀၁၁-၂၀၁၃ ခုနှစ်အတွင်း ကြိတ်လုံးနှစ်လုံးဖြင့် ဝါကြိတ်ခြင်း (Double Roller Ginning) ၏ တိုးတက်မှုများ

၂၀၁၁-၂၀၁၃ ခုနှစ်ကာလသည် လည်နေသော ဓားပါ ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်း (Rotobar Rotary Knife Ginning) နှင့် ကြိတ်လုံး နှစ်လုံးဖြင့် ဝါကြိတ်ခြင်း (Double Roller Ginning) တို့၏ နယ်ပယ်တွင် အလွန်အရေးကြီးသော တိုးတက်မှုများကို တွေ့မြင်ခဲ့ရသော်လည်း ကြိတ်လုံး တစ်လုံးပါ ဝါကြိတ်စက် (Single Roller McCarthy Gin) ၏ အနေအထားသည် တည်ငြိမ်နေကာ နောက်ထပ်တိုးတက်မှုများမရှိသဖြင့် ဈေးကွက်မှ ဖယ်ထုတ်ခြင်းခံခဲ့ရပါသည်။

ကြိတ်လုံး နှစ်လုံးဖြင့် ဝါကြိတ်ခြင်း (Double Roller Ginning) ကဏ္ဍသည် အိန္ဒိယတွင် သိသာထင်ရှားသော တိုးတက်မှုများကို မြင်တွေ့ခဲ့ရပါသည်။ ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက် (Double Roller Gin) ၏ အလုပ်လုပ်နိုင်သောအကျယ်ကို ၂၀၁၁ ခုနှစ်တွင် ၁၅၂၄ မီလီမီတာသို့ တိုးမြှင့်ခဲ့ပါသည်။ ထို့အပြင် ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက်များအား ထိန်းချုပ်ပြီး တစ်ပြေးညီ ဝါထည့်ပေးနိုင်သည့်စက် (Dispenser Feeder) ကို မိတ်ဆက်ပေးခဲ့ခြင်းဖြင့် စနစ်ထဲသို့ တူညီသော ဝါများထည့်ပေးနိုင်ခြင်းနှင့်ပတ်သက်၍ တိုးတက်မှုများစွာဖြစ်ပေါ်ခဲ့ပါသည်။

ဤဖွံ့ဖြိုးတိုးတက်မှုသည် စက်ရုံများ၏ ထုတ်လုပ်မှုစွမ်းဆောင်ရည်ကို ၁၅-၂၀ ရာခိုင်နှုန်းခန့် တိုးတက်စေခဲ့ပါသည်။ ထို့အပြင် အလုပ်လုပ်နိုင်သောအကျယ်ကို တိုးမြှင့်ခဲ့ခြင်းဖြင့် မြင်းကောင်ရေ (၅)ကောင် (5 HP) ရှိသော ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက် တစ်ခုချင်းစီအတွက် ၂၅ ရာခိုင်နှုန်း ပိုမိုမြင့်မားသော ထုတ်လုပ်မှုကို တိုးမြှင့်စေခဲ့ပြီး ကြိတ်လုံး နှစ်လုံးဖြင့် ဝါကြိတ်စက်အသုံးပြုစက်ရုံများ၏ ထုတ်လုပ်မှု စွမ်းအားမှာ သိသိသာသာ တိုးတက်လာပါသည်။

> **ဝါကြိတ်စက်ထဲသို့ အလိုအလျောက် ဝါထည့်ပေးသည့်စနစ်၊ ဝါကြိတ်စက်များထဲသို့ ဝါထည့်ရာတွင် တူညီအောင် ထိန်းချုပ်ပေးသည့်စနစ်၊ ဝါကြိတ်ခြင်းမှ အကောင်းဆုံး အမျှင်အရည်အသွေးများရရှိသည့် ယူနစ်တစ်ယူနစ်ချင်းစီအတွက် အနိမ့်ဆုံး ကုန်ကျစရိတ်အကျိုးကျေးဇူးများစသည့် စွမ်းရည်မြင့် ကြိတ်လုံးနှစ်လုံးဖြင့် ဝါကြိတ်ခြင်း (Double Roller Ginning) ၏ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ဤနည်းပညာကို အိန္ဒိယ၊ အရှေ့အာဖရိကနှင့် အခြားနိုင်ငံအချို့တွင် ပို၍ပို၍ နှစ်သက်လာပြီး လျင်မြန်စွာ ပျံ့နှံ့လျက်ရှိ**

### ကွန်ဘေယာကြိုးပြားကို မိတ်ဆက်ပေးခြင်း

ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက်များအား နှစ်လိုင်းအပြိုင် ဝါထည့်ရန်အတွက် အပေါ်ဗဟိုမှ ဖြန့်ခွဲထည့်ပေးသည့် ကွန်ဘေယာကြိုးပြားကို မိတ်ဆက်ပေးခြင်းသည် လျှပ်စစ်စွမ်းအင်သုံးစွဲမှုကို လျှော့ချစေပြီး လျှံထွက်လာသော ဝါများကို ကိုင်တွယ်ရာတွင် အလွန်လွယ်ကူစေသည့် သိသာထင်ရှားသော တိုးတက်မှုတစ်ခု ဖြစ်ခဲ့ပါသည်။ ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက်များ၏ ဘေးနှစ်ဖက်တွင် တပ်ဆင်ထားသော ဤစနစ်တွင် အမြင်အာရုံခံ ကိရိယာ (Level Sensor) များ အကူအညီဖြင့် ဝါထည့်သည့်နေရာအတွင်းရှိ ဝါပမာဏကို ထိန်းချုပ်ခြင်းဖြင့် ထိန်းညှိပေးပါသည်။

ဤတိုးတက်မှုများသည် အရင်းအနှီး ကုန်ကျစရိတ်အပြင် ပါဝါသုံးစွဲမှုကို လျှော့ချစေပြီး ဝါဂွမ်းတစ်ယူနစ် ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ချကာ ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက်များဖြင့် ဝါကြိတ်ခြင်းကို ပိုမိုဆွဲဆောင်မှုဖြစ်စေပါသည်။

### ကြိတ်လုံး နှစ်လုံးဖြင့် ဝါကြိတ်ခြင်း (Double Roller Ginning) ၏ လမ်းကြောင်းအသစ်များ

ဝါကြိတ်စက်ထဲသို့ အလိုအလျောက် ဝါထည့်ပေးသည့်စနစ်၊ ဝါကြိတ်စက်များထဲသို့ ဝါထည့်ရာတွင် တူညီအောင် ထိန်းချုပ်ပေးသည့်စနစ်၊ ဝါကြိတ်ခြင်းမှ အကောင်းဆုံး အမျှင်အရည်အသွေးများရရှိသည့် ယူနစ်တစ်ယူနစ်ချင်းစီအတွက် အနိမ့်ဆုံးကုန်ကျစရိတ် အကျိုးကျေးဇူးများစသည့် စွမ်းရည်မြင့် ကြိတ်လုံး နှစ်လုံးဖြင့် ဝါကြိတ်ခြင်း (Double Roller Ginning) ၏ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ဤနည်းပညာကို အိန္ဒိယ၊ အရှေ့အာဖရိကနှင့် အခြားနိုင်ငံအချို့တွင် ပို၍ပို၍ နှစ်သက်လာပြီး လျင်မြန်စွာ ပျံ့နှံ့လျက်ရှိပါသည်။ အလားတူ မြန်နှုန်းမြင့် လည်နေသောဓားပါ ကြိတ်လုံးဖြင့် ဝါကြိတ်စက် (Rotobar Rotary Knife Gin) သည်လည်း ကုန်းမြင့်ဒေသထွက် ဝါများကို စမ်းသပ်ရာတွင် လွှသွားပါ ဝါကြိတ်စက် (Saw Gin) နှင့် ကိုက်ညီလုနီးပါး စွမ်းရည်ရရှိသော ရလဒ်ကောင်းများနှင့်အတူ ကုန်းမြင့်ဒေသထွက်ဝါတွင် အသုံးပြုမှုများကို တွေ့ရှိလာနိုင်ကာ ၎င်းကို အသုံးပြုမှုမှာ လျင်မြန်စွာတိုးတက်လာသည်ကို မြင်တွေ့နိုင်ပါသည်။

အနှစ်ချုပ်ဆိုရလျှင် ကြိတ်လုံး နှစ်လုံးဖြင့် ဝါကြိတ်ခြင်း (Double Roller Ginning) နှင့် လည်နေသောဓားပါ ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်း (Rotobar Rotary Knife Roller Ginning) ၏ ဝေစုသည် သိသိသာသာ တိုးလာမည်ဖြစ်ပြီး ကြိတ်လုံး တစ်လုံးပါ ဝါကြိတ်စက်ဖြင့် ဝါကြိတ်ခြင်း (Single Roller McCarthy Roller Ginning) နှင့် လွှသွားပါ ဝါကြိတ်စက်ဖြင့် ဝါကြိတ်ခြင်း (Saw Ginning) တို့၏ ဝေစုသည် မဝေးလှသော အနာဂတ်တွင် ကျဆင်းသွားနိုင်ပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံပိုင်ဝါကြိတ်စက်ရုံ ၁၃ ရုံရှိပြီး နိုင်ငံပိုင်ဝါကြိတ်စက်ရုံများတွင် ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက် (Double Roller Gin) ၁၀၅ လုံး ရှိပါသည်။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကပိုင် ဝါကြိတ်စက်ရုံများမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၃၄ ရုံ၊ ပဲခူးတိုင်းဒေသကြီးတွင် လေးရုံ၊ မကွေးတိုင်းဒေသကြီးတွင် ၅၄ ရုံ၊ မန္တလေးတိုင်းဒေသကြီးတွင် ၉၆ ရုံ၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် နှစ်ရုံ စုစုပေါင်း ၁၉၀ ရုံရှိပြီး ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက် (Double Roller Gin) ၆၈၃ လုံး ရှိပါသည်။ မှတ်ပုံမတင်သည့် စက်များ အများအပြားထပ်ရှိနိုင်ပါသည်။

လွှသွားပါ ဝါကြိတ်စက်ဖြင့် ဝါကြိတ်ခြင်း (Saw Ginning) ကို အသုံးပြုသည့် စက်ရုံအနည်းငယ်ရှိပါသည်။ လင်တာဂွမ်းထုတ်စက်နှင့် မျိုးစေ့ထုတ်စက်များကိုလည်း တပ်ဆင်အသုံးပြုကြပါသည်။ သို့ရာတွင် အများစုမှာ တင်ပြပါအတိုင်း ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက် (Double Roller Gin) များဖြစ်ပါသည်။ ဝါစိုက်ပျိုးခြင်းမှ ဝါ၊ ဝါဂွမ်း၊ ဝါစေ့၊ ဝါစေ့ဆီရရှိသည်အထိ ထုတ်လုပ်ရေးပြုလုပ်နေကြသည့် စက်မှုလုပ်ငန်းရှင်များကို ဂုဏ်ပြုရေးသား တင်ပြလိုက်ရပါသည်။ ။

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ဘားအံမြို့၌ အလုပ်သမားနေ့အခမ်းအနားနှင့် ပြည်နယ်ထုတ်ကုန်ပစ္စည်းများ MSME ပြပွဲ ကျင်းပ

**ဘားအံ မေ ၁**

၂၀၂၄ ခုနှစ် အလုပ်သမားနေ့အခမ်းအနားနှင့် ပြည်နယ်ထုတ်ကုန်ပစ္စည်းများ MSME ပြပွဲကို ယနေ့နံနက် ၈ နာရီတွင် ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပသည်။

အလုပ်သမားနေ့အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများက အလုပ်သမားဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုများ Video Clip ကို အတူတကွကြည့်ရှုခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ဝန်ဆောင်မှုကဏ္ဍနှင့် ထုတ်လုပ်မှုကဏ္ဍတို့တွင် ထူးချွန်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေကရင်အဖွဲ့၏ ဒိုးပတ်ဝိုင်း၊ ကျောင်းသားကျောင်းသူများက အလုပ်သမားနေ့သီချင်းဖြင့် တီးမှုတ်သီဆိုကပြဖျော်ဖြေကြရာ ပြည်နယ်စီးပွားရေးရာဝန်ကြီးက ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့သည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခင်းကျင်းပြသထားသော အသိပညာပေးလုပ်ငန်းလှုပ်ရှားဆောင်ရွက်မှုပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော အလုပ်သမားနေ့အထိမ်းအမှတ် ပြည်နယ်ထုတ်ကုန်ပစ္စည်းများ MSME ပြပွဲတွင် လူသုံးကုန်ဆိုင်ရာ MSME ထုတ်ကုန်များ၊ စားသောက်ကုန်ဆိုင်ရာ MSME ထုတ်ကုန်များ၊ ခရီးသွားလုပ်ငန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာများ၊ ရိုးရာဝတ်ဆင်မှုဆိုင်ရာ MSME ထုတ်ကုန်များ၊ စိုက်ပျိုးရေးဆိုင်ရာ MSME ထုတ်ကုန်များ၊ စက်မှုလယ်ယာ၊ စိုက်ပျိုးရေးဦးစီးဌာနပြခန်းအပါအဝင် စုစုပေါင်းပြခန်းပေါင်း ၂၈ ခန်းအတွင်း MSME ထုတ်ကုန်များ ခင်းကျင်းပြသရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# မော်လမြိုင်မြို့၌ အလုပ်သမားနေ့အခမ်းအနားနှင့် MSME ထုတ်ကုန်ပြပွဲ ကျင်းပ

**မော်လမြိုင် မေ ၁**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အလုပ်သမားဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက် Video Clip ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော မွန်ပြည်နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ထုတ်ကုန်များ၊ ဒေသထွက် ရိုးရာအစားအစာများနှင့် စက်မှုလက်မှုထုတ်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တောင်ကြီးမြို့၌ အလုပ်သမားနေ့အခမ်းအနားနှင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပ

**တောင်ကြီး မေ ၁**

၂၀၂၄ခုနှစ် အလုပ်သမားနေ့အခမ်းအနားတွင် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့တော်ခန်းမ၌ အလုပ်သမားနေ့ အခမ်းအနားကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ၂၀၂၄ ခုနှစ် အလုပ်သမားနေ့သဝဏ်လွှာကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်က ဖတ်ကြားပြီး အလုပ်သမားရေးရာ ဆောင်ရွက်ထားရှိမှုများကို Video Clip ဖြင့်ပြသ၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အလုပ်သမားရေးရာလုပ်ငန်း ဆောင်ရွက်မှုမှတ်တမ်းများ ခင်းကျင်းပြသထားသည့်ပြခန်းများနှင့် MSME ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မေ ၁ ရက်မှ ၃ ရက်အထိ ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် မြို့တော်ခန်းမဘေးပတ်လည်တွင် ညဈေးများ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




# ချင်းပြည်နယ်အတွင်းရှိ MSME ထုတ်ကုန်ပြပွဲအခမ်းအနား ကျင်းပ

**ဟားခါး မေ ၁**

ချင်းပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ကျင်းပသော ချင်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒေသထုတ်ကုန်ပြပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဟားခါးတပ်နယ်အားကစားကွင်း၌ ကျင်းပသည်။




ဦးစွာ ဒေသထုတ်ကုန်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဒေသထုတ်ကုန်ပြပွဲမုခ်ဦးရှေ့၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးနေစိုး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဗိုလ်မှူးချုပ် နိုင်ဝင်းအောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်နှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးဟန်ကျင့်ဇမ်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**အမှာစကားပြောကြား**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က မိမိတို့ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး လယ်ယာသားငါးနှင့် သစ်တောကဏ္ဍ ဆောင်ရွက်သူ ၄၁ ရာခိုင်နှုန်းခန့်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် သေချာသည့် ကုန်ထုတ်လုပ်ငန်းဖြစ်ပြီး ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဆောင်ရွက်နေကြကြောင်း၊ ယနေ့ပြပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းဆောင်ရွက်ပေးကြသော တာဝန်ရှိသူများအားလုံး အသိအမှတ်ပြုကြောင်းနှင့် ပြည်နယ် MSME အေဂျင်စီအနေဖြင့်လည်း လုပ်ငန်းရှင်များ၏ ငွေကြေးလိုအပ်ချက်၊ နည်းပညာလိုအပ်ချက်များကို စဉ်ဆက်မပြတ် ပေါင်းစပ်ညှိနှိုင်းပေးပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက် ဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းရင်းသားရိုးရာအကအဖွဲ့၏ ကပြဖျော်ဖြေမှုများနှင့် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ထားဝယ်မြို့၌ အလုပ်သမားနေ့အခမ်းအနားနှင့် MSME ထုတ်ကုန်ပြပွဲ ကျင်းပ



**ထားဝယ် မေ ၁**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အလုပ်သမားဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်သည့် Video Clip ကိုလည်းကောင်း၊ တိုင်းဒေသကြီးအတွင်း အလုပ်သမားရေးရာကိစ္စများဆောင်ရွက်ပေးမှု မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်းကြည့်ရှုအားပေးသည်။

ယင်းနောက် ထားဝယ်မြို့ မြို့တော်ခန်းမရှေ့၌ ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးအတွင်းမှ ဒေသအလိုက်ထွက်ရှိသည့် ကုန်ကြမ်းများ၊ ဒေသထွက်ကုန်နှင့် ဒေသထွက်စားသောက်ကုန်များ MSME ထုတ်ကုန်ပစ္စည်းအရောင်းပြခန်းတွင် လုပ်ငန်းရှင်များက ထုတ်လုပ်သော ဒေသထုတ်ကုန်ပစ္စည်းများ စုစုပေါင်းအရောင်ပြခန်း ၁၈ ခန်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့၌ အလုပ်သမားနေ့အထိမ်းအမှတ် MSME ဒေသထုတ်ကုန်ပြပွဲ၊ ဈေးရောင်းပွဲတော် ကျင်းပ



**မြစ်ကြီးနား မေ ၁**

အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ MSME ဒေသထုတ်ကုန်ပြပွဲ၊ ဈေးရောင်းပွဲနှင့် MSME လုပ်ငန်းရှင်များပါဝင်သည့် Talk Show စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့် ပြည်နယ်ဝန်ကြီးများက ပြပွဲနှင့်ဈေးရောင်းပွဲတော်မုခ်ဦးဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ ကျောင်းဝင်းအတွင်း၌ ပြည်နယ်တွင်း MSME လုပ်ငန်းရှင်များက ခင်းကျင်းပြသထားသည့် ဒေသထွက်စိုက်ပျိုးရေးသုံးပစ္စည်းနှင့် အသီးအနှံများ၊ ရိုးရာရက်ကန်းထည်များနှင့် အဝတ်အထည်များ၊ စားသုံးဆီနှင့်စားသောက်ကုန်ပစ္စည်းများ၊ အလှကုန်များ၊ မွေးမြူရေး ထွက်ကုန်ပစ္စည်းများ၊ ကျောက်စိမ်း၊ ပယင်းအချောထည်နှင့် လက်ဝတ်ရတနာများ၊ ရေခဲတောင်ဒေသထွက် ဆေးဝါးပစ္စည်းများနှင့် တိုင်းရင်းဆေးဝါးပစ္စည်းများ၊ စက္ကူနှင့်လူသုံးကုန်ပစ္စည်းများ၊ သစ်သားပန်းပုဝါးလက်မှုအချောထည်အမျိုးမျိုး စသည့် MSME လုပ်ငန်းထုတ်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် အဆိုပါကျောင်းရှိ အေးမြသီတာခန်းမ၌ ကျင်းပသော MSME Talk Show စကားဝိုင်းဆွေးနွေးပွဲနှင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို တက်ရောက်ခဲ့ပြီး MSME ဆိုင်ရာချေးငွေ၊ ဌာနများအလိုက် ဥပဒေ၊ မူဝါဒဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းအတွေ့အကြုံများကို ဆွေးနွေးကြသည်။

**ပြသရောင်းချ**

ကချင်ပြည်နယ်အတွင်း MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ထုတ်ကုန်များ ဈေးကွက်ရရှိရေးအတွက် ပြည်နယ်အတွင်းဈေးရောင်းပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့ပြီး ယခုနှစ် ဈေးရောင်းပွဲတော်တွင် MSME ဈေးဆိုင်ခန်းရှစ်ခန်းနှင့် ဒေသထွက်ပစ္စည်းမျိုးစုံကို မူရင်းဈေးအတိုင်း ပြသရောင်းချလျက်ရှိပြီး ဈေးဝယ်သူများ၊ လာရောက်လေ့လာသူများနှင့် စည်ကားလျက်ရှိသည်။

အဆိုပါ ဒေသထွက်ကုန်၊ MSME ဒေသထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အား ဒေသခံပြည်သူများ လွတ်လပ်စွာ လာရောက်ကြည့်ရှုဝယ်ယူနိုင်ရေး မေ ၁ ရက်မှ မေ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မိုင်းဆတ်မြို့၌ MSME ထုတ်ကုန်ပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**မိုင်းဆတ် မေ ၁**

အလုပ်သမားနေ့ အထိမ်းအမှတ် ဒေသတွင်း အသေးစား၊အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME) ထုတ်ကုန်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ မိုးလုံလေလုံအားကစားခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

ဦးစွာ ဒေသတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) ထုတ်ကုန်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို အမှတ်(၁၄) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းကျော်သန့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ မိုင်းဆတ်မြို့နယ်(MSME) လုပ်ငန်းဒေသထွက်ကုန်ပြပွဲ ပြခန်းများတွင် လက်ဖက်ခြောက်လုပ်ငန်း၊ လိမ္မော်ခြံလုပ်ငန်း၊ ကော်ဖီခြံလုပ်ငန်း၊ သင်ဖြူးဖျာ၊ ခြင်းတောင်း၊ ရိုးရာအသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ကုန်လုပ်ငန်း စသည်ဖြင့် ပြခန်း ၁၄ ခန်း ပါဝင်ပြသကြရာ အခမ်းအနားတက်ရောက်လာကြသူများက ဝယ်ယူကြည့်ရှုအားပေးကြသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ အမှတ်(၁၄) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ယာယီနည်းဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းကျော်သန့်၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မိုင်းယောင်းမြို့၌ ထုတ်ကုန်ပစ္စည်းများ ပြပွဲကျင်းပ

**မိုင်းယောင်း မေ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် ကမ္ဘာ့အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းထုတ်ကုန်ပစ္စည်းများပြပွဲကို ယနေ့နံနက်ပိုင်းတွင် ဟောင်ကြန့်အုပ်စု နမ့်ယွန်းကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ကမ္ဘာ့အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်း ထုတ်ကုန်ပစ္စည်းများပြပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းထုတ်ကုန်ပစ္စည်းများပြပွဲတွင် ခင်းကျင်းပြသထားသော မြို့နယ်အတွင်းမှ MSME ဒေသထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ပဲခူးမြို့၌ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနား ကျင်းပ

**ပဲခူး မေ ၁**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

**ဖတ်ကြား**

ဦးစွာတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အလုပ်သမားနေ့ ဖြစ်ပေါ်လာပုံနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားများ၏ အခန်းကဏ္ဍကို ရှင်းလင်းပြောကြားပြီး အလုပ်သမားနေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်ကို ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ပဲခူးမြို့နယ် ဘုရားကြီးမြို့ကိုယ်စားပြု အံ့ခြိုးကဗျာ ယိမ်းအဖွဲ့က အဆိုတော် ဒေါ်မာမာအေး၏ မောင်အလုပ်သမား တေးသီချင်းဖြင့်လည်းကောင်း၊ မြန်စတား အထည်ချုပ်စက်ရုံမှ သမီးပျိုလေးများက အဆိုတော် နီနီခင်ဇော်၏ ထာဝရသစ္စာ တေးသီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# မြဝတီမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံး၌ ကမ္ဘာ့အလုပ်သမားနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မြဝတီ မေ ၁**

ကရင်ပြည်နယ် မြဝတီမြို့၌ မေ ၁ ရက်တွင် ကျရောက်သည့် ကမ္ဘာ့အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် အစိုးရအဖွဲ့၏ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ မြဝတီမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံး (ကာယ၊ဉာဏ) ပြည်သူ့ဝန်ထမ်းလုပ်သားကြီးများအား ဂုဏ်ပြုပွဲနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲ တွင်ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက အမှတ် (၁) အခြေခံ ပညာ အထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားကို ကရင်ဒုံးယိမ်းအကဖြင့် စတင်ဖွင့်လှစ်ပေး ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့သဝဏ်လွှာကို မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက ဖတ်ကြားသည်။

ဆက်လက်၍ ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ကာယ၊ ဉာဏ ထူးချွန်လုပ်သား ဝန်ထမ်းများအား မြဝတီခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးကောင်းစံလင်းနှင့်ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနား ကျင်းပ

**ကျိုင်းတုံ မေ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျိုင်းတုံမြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအား ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦး က ဖတ်ကြားပြီး အခမ်းအနား တက်ရောက်လာသူများအား အလုပ်သမားနေ့ Video Clip ပြသသည်။



ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ပြသထားမှုအား ပြည်နယ် အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်/ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# လှိုင်လင်မြို့၌ အလုပ်သမားနေ့အထိမ်းအမှတ် MSME ဒေသထွက်ကုန်ပြခန်းများပြသ

**လှိုင်လင် မေ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်မြို့ ခရိုင်လေ့ကျင့်ရေးအားကစားရုံ၌ ယနေ့နံနက် ၉ နာရီက ကမ္ဘာ့အလုပ်သမားနေ့ အထိမ်းအမှတ် လှိုင်လင်မြို့နယ် MSME လုပ်ငန်း ဒေသထွက်ကုန်ပြခန်းများ ပြသပွဲ ကျင်းပသည်။



အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွဋ်နှင့်အဖွဲ့ဝင်များ ၊ ဌာနဆိုင်ရာများ ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒေသထွက်ကုန် ပစ္စည်းပြပွဲ ပြခန်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ လှိုင်လင်မြို့နယ် MSME လုပ်ငန်းဒေသထွက်ကုန်ပြပွဲ ပြခန်းများတွင် လက်ဖက်စို၊ လက်ဖက်ခြောက်လုပ်ငန်း၊ အိမ်တွင်းမှုစားသောက်ကုန်လုပ်ငန်း၊ ကော်ဖီ၊ ပဲပုပ်၊ ဒေသဆန်နှင့် မိသားစု တစ်ပိုင်တစ်နိုင်အိုးလုပ်ငန်းများ ပါဝင်ပြသကြရာ အခမ်းအနားတက်ရောက်လာကြသူများက ဝယ်ယူကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တာချီလိတ်မြို့၌ အလုပ်သမားနေ့ အခမ်းအနား ကျင်းပ



**တာချီလိတ် မေ ၁**

ကမ္ဘာ့အလုပ်သမားနေ့ အခမ်းအနားကို ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

**ဖတ်ကြား**

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဦးဆောင်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး အလုပ်သမားနေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့လာသည့် သဝဏ်လွှာအား ခေတ္တ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက ဖတ်ကြားသည်။

ထို့နောက် အလုပ်သမားနေ့ ဖြစ်ပေါ်လာပုံမှတ်တမ်းနှင့် အလုပ်သမားဝန်ကြီးဌာန လုပ်ငန်းဆောင်ရွက်မှုများအား Video Clip ဖြင့် ပြသခဲ့ပြီး တာချီလိတ်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အလုပ်သမားနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် အသေးစား၊ အငယ်စား၊ အလတ်စား MSMEs ဒေသထွက်ကုန်နှင့် ဒေသထွက် စားသောက်ကုန်၊ စက်မှုထုတ်ကုန်များကို အခမ်းအနားသို့ တက်ရောက်လာသည့် ခေတ္တ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များမှ လေ့လာကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

■



## လူရည်ချွန်ကျောင်းသား ကျောင်းသူများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အလိုတော်ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရားနှင့် စူဠာမဏိဘုရားတို့ကို ဖူးမြော်လေ့လာ

**ညောင်ဦး မေ ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ လူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်း၏အထင်ကရဘုရားများအား ယနေ့နံနက် ၆ နာရီခွဲမှစတင်၍ ဖူးမြော်ကြပြီး စုရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အလိုတော်ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရားနှင့် စူဠာမဏိဘုရားတို့အား ဖူးမြော်ကြည်ညိုကြပြီး လူရည်ချွန် ကျောင်းသား ကျောင်းသူများ စုပေါင်းလှူဒါန်းသည့် အလှူငွေများအား မန္တလေးတိုင်းဒေသကြီး ပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် လူရည်ချွန်ကျောင်းသား ကျောင်းသူများက ဘဏ္ဍာတော်ထိန်းဂေါပကဥက္ကဋ္ဌတို့ထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) တာဝန်ရှိသူများက ဘုရားကြီးများ သမိုင်းကြောင်း၊ တည်ထားကိုးကွယ်ခဲ့သည့် မင်းများနှင့် ရှေးဟောင်းအင်္ဂတေပန်းများ၊ ဗိသုကာလက်ရာများအကြောင်းကို ရှင်းလင်းပြသရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ ဘုရားများတွင် ရောင်းချနေသည့် ပုဂံအမှတ်တရပစ္စည်း အရောင်းဆိုင်များမှ ပုဂံပြန်လက်ဆောင်ပစ္စည်းများကို ကျောင်းသား ကျောင်းသူများ ဝယ်ယူမှုများပြားခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

## တောင်ကြီးလူရည်ချွန်စခန်း ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲကျင်းပ

**တောင်ကြီး မေ ၁**

၂၀၂၄ ခုနှစ် တောင်ကြီးလူရည်ချွန်စခန်း ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲကို ဧပြီ ၃၀ ရက် ည ၆ နာရီခွဲက တောင်ကြီးမြို့ အိမ်တော်မြက်ခင်းပြင်၌ ကျင်းပခဲ့သည်။

**အမှာစကားပြောကြား**

ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ဇနီးတို့က လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်အုပ်ချုပ်သူများအား Crystal trophy များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား ရိုက်ကူးရေးအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြပြီး အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီးက လူရည်ချွန် မောင်မယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီးတို့က လူရည်ချွန်မောင်မယ်များအား တိုင်းရင်းသားရိုးရာဝတ်စုံများကိုလည်းကောင်း ပေးအပ်ခဲ့ကြသည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် လူရည်ချွန်မောင်မယ်များကိုယ်စား ရန်ကုန်တိုင်းဒေသကြီးမှ လူရည်ချွန်နှစ်ထပ်ကွမ်း မောင်ခန့်ဇင်ငြိမ်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုညစာစားပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များ၊ မီးပုံးပျံများ တပျော်တပါး လွှတ်တင်ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ဒွါဒသမတန်းလူရည်ချွန်အပန်းဖြေစခန်း(ချောင်းသာ) စခန်းပိတ်သိမ်းပွဲအခမ်းအနား ကျင်းပ



**ချောင်းသာ မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့၌ ဒွါဒသမတန်းလူရည်ချွန်မောင်မယ်များ စခန်းချနေထိုင်လျက်ရှိသည့် ၂၀၂၄ ခုနှစ် လူရည်ချွန်စခန်း (ချောင်းသာ) စခန်းပိတ်သိမ်းပွဲအခမ်းအနားကို ယမန်နေ့ညပိုင်းက စခန်းတည်ရှိရာ AZURA ဟိုတယ်ရှေ့ကမ်းခြေသဲသောင်ပြင်၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် စခန်းသိမ်းမီးပုံပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က စခန်းသိမ်းမီးပုံအား မီးစတင်ထွန်းညှိ၍ မီးပုံပွဲကို စတင်ကျင်းပခဲ့ပြီး ဝန်ကြီးချုပ်နှင့်အတူ ဧည့်သည်တော်များ၊ လူရည်ချွန်မောင်မယ်များ၊ ကြီးကြပ်ဆရာ ဆရာမများက မီးပုံပွဲကို ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် လူရည်ချွန်အပန်းဖြေစခန်း (ချောင်းသာ) စခန်းမှူး တိုင်းဒေသကြီးပညာရေးမှူး ဦးတိုးဝင်းနှင့် ချောင်းသာဟိုတယ်ဇုန်အဖွဲ့များက လူရည်ချွန်မောင်မယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ပြီး သီဆိုကပြဖျော်ဖြေကြသည့် လူရည်ချွန်မောင်မယ်များအား တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လူရည်ချွန်မောင်မယ်များက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အစုအဖွဲ့များဖြင့် တေးသီချင်းများကို ကပြသီဆိုမှုများအား တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် ဒွါဒသမတန်း လူရည်ချွန်စခန်း(ချောင်းသာ)အား ပိတ်သိမ်းကြောင်းကြေညာခဲ့ပြီး စခန်းပိတ်သိမ်းပွဲအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

**ချောင်းသာ(ပြန်/ဆက်)**

## ကောဒသမတန်း လူရည်ချွန်မောင်မယ်များ၏ ငွေဆောင်အပန်းဖြေလေ့လာရေးခရီးစဉ် ပြီးဆုံး

**ငွေဆောင် မေ ၁**

ဧရာဝတီတိုင်း ဒေသကြီး ငွေဆောင်မြို့သို့ အပန်းဖြေလေ့လာရေးခရီး ရောက်ရှိနေကြသော ၂၀၂၄ ခုနှစ် ကောဒသမတန်း လူရည်ချွန်မောင်မယ် ၁၃၇ ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ငွေဆောင်ဈေးတန်း၌ ဒေသထွက်ပစ္စည်းများ ဝယ်ယူကာ ရန်ကုန်စုရပ် ရပ်နားစခန်းသို့ ပြန်လည်ထွက်ခွာကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ် ကောဒမတန်း လူရည်ချွန်မောင်မယ် ၁၃၇ ဦးသည် ဧပြီ ၂၇ ရက်တွင် ငွေဆောင် လူရည်ချွန်စခန်းသို့ စတင်ရောက်ရှိကာ ငွေဆောင်ဒေသရှိ ဆင်စခန်း၊ ယုဇနပုစွန်မွေးမြူရေးစခန်း၊ ငွေဆောင်ဈေးတန်းနှင့် ပုသိမ်မြို့ရှိ မြို့တော်ခန်းမ၊ ရွှေမော်ဓောဘုရား၊ ရွှေမြင်းဟာလဝါလုပ်ငန်း၊ ရွှေမြင်းပျံဟာလဝါလုပ်ငန်း၊ ရွှေစာပုသိမ်ထီးလုပ်ငန်းတို့အပြင် ရွှေသောင်ယံမြို့ရှိ Sea & Lake နှင့် ချောင်းသာ လူရည်ချွန်စခန်း၊ ချောင်းသာဈေးတန်းတို့အား ဒေသန္တရဗဟုသုတ ရှာဖွေရန်နှင့် အပန်းဖြေလေ့လာရေး ခရီးစဉ်များ သွားရောက်ခဲ့သည်။ ယနေ့နံနက်ပိုင်းကလည်း ငွေဆောင်ဈေးတန်းတွင် ဒေသထွက် အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူကာ ငွေဆောင်မြို့မှ ပန်းတနော်မြို့သို့ ထွက်ခွာခဲ့ပြီး ပန်းတနော် Global Earth အား လေ့လာမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပန်းတနော်၌ နေ့လယ်စာ သုံးဆောင်ကာ ရန်ကုန်စုရပ် ရပ်နားစခန်းသို့ ထွက်ခွာပြီး စုရပ် ရပ်နားစခန်းမှ နေရပ်အသီးသီးသို့ ပြန်လည် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော တပ်မတော်(လေ)ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်



နေပြည်တော် မေ ၁

မြန်မာနှင့် ထိုင်း လေတပ်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်နိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော တပ်မတော် (လေ) ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ရန် ဧပြီ ၃၀ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ကာကွယ်ရေးဦးစီးချုပ် (လေ) ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ထိုင်းနိုင်ငံချစ်ကြည်ရေးခရီးစဉ်တွင် ကာကွယ်ရေးဦးစီးချုပ် (လေ) နှင့်အတူ တပ်မတော်(လေ)မှ အရာရှိကြီးများ လိုက်ပါသွားပြီး ခရီးစဉ်တွင် နှစ်နိုင်ငံ လေတပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် မေ ၁

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာ ဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော် (ရေ) က ရေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့် သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်း လူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော် (ရေ) က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်းတန်းခွဲ (၁) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၉ ဦး၊ နေပြည်တော်စခန်းတန်းခွဲ(၂) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ၁၂၂ဦး၊ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယား ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၉၇ ဦး၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၅၅ ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၇၀၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲဒေသရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၄ ဦး၊ ကျွန်းစုမြို့ရှိရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၂ ဦး၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၁ ဦးနှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၅ ဦးတို့ကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော် (ရေ) ရေကြောင်း လူငယ်သင်တန်းစခန်း ၁၀ ခုမှ သင်တန်းသား သင်တန်းသူစုစုပေါင်း ၈၁၈ ဦး တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



အလားတူ တပ်မတော် (လေ) က အခြေခံလေကြောင်းလူငယ် သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းများကို ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးလျက်ရှိပြီး ယနေ့တွင် သင်တန်းသား သင်တန်းသူများအား လေကြောင်း အသိပညာနှင့် ဒေသန္တရဗဟုသုတ တိုးပွားလာစေရန် ရည်ရွယ်ပြီး သက်ဆိုင်ရာ သင်တန်းစခန်းအလိုက် နည်းပြ/ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများက ဦးစီး၍ တပ်မတော်(လေ) လေတပ်စခန်း ဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များသို့လည်းကောင်း၊ အခြားဗဟုသုတရဖွယ်နေရာများနှင့် ဒေသအလိုက် အထင်ကရ နေရာများသို့လည်းကောင်း ပို့ဆောင်ပေးခဲ့ကြသည်။

ထိုသို့ ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ် သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများနှင့် လေ့လာရေး ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေး ရှင်းလင်းပြသပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မိုးညိုမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်းသရုပ်ပြ

မိုးညို မေ ၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးသရုပ်ပြလေ့လာခြင်းကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မိုးညိုမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသိဒ္ဓိက အမှာစကားပြောကြားပြီး သာယာဝတီခရိုင် ရွေးကောက်ပွဲအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမော်က မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသပြီး တက်ရောက်လာကြသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသိဒ္ဓိနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မိုးညိုမြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် ပြုပြီးသော နိုင်ငံရေးပါတီများ၊ မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၂ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ ပြည်သူများ စုစုပေါင်း ၁၅၀ တက်ရောက်၍ ကိုယ်တိုင်လက်တွေ့စမ်းသပ်မဲပေးလေ့လာခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ အကြံပြုပြောကြားခြင်းများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)



# တောင်ငူမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

တောင်ငူ မေ ၁

မေ ၅ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူမြို့ သမိုင်းဝင်ရွှေဟောင်း မြစည်းခုံစေတီတော်၌ ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသက်ဝင်းက ဦးဆောင်၍ ခရိုင်နှင့် မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ ယနေ့နံနက်ပိုင်းတွင် သန့်ရှင်းရေးပြုလုပ်ကြောင်း သိရသည်။

ဇော်ကိုကို (တောင်ငူ)



# ရာဖာတွင် မြေပြင်စစ်ဆင်ရေးများ ဆင်နွှဲမည်ဟု နေတန်ယာဟု ပြောကြား



**ဂျေရုဆလင် မေ ၁**

ဟားမတ်စ်စစ်သွေးကြွအဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးအတွက် သဘောတူညီချက်ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ရာဖာမြို့တွင် မြေပြင်စစ်ဆင်ရေးများဆင်နွှဲမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့သည်ဟု ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

အစ္စရေးတပ်ဖွဲ့များသည် ရာဖာမြို့မှ အရပ်သားများကယ်ထုတ်ရေးကို စတင်ဆောင်ရွက်နေကြောင်း အစ္စရေးဓားစာခံများ၏ မိသားစုများနှင့်တွေ့ဆုံစဉ် ယင်းက ထပ်လောင်းပြောကြားသည်။ မိမိတို့သည် ပြည့်စုံသည့် အောင်မြင်မှုရရှိရေးအတွက် ရာဖာသို့ ချီတက်ကာ ဟားမတ်စ်စစ်သွေးကြွများကို တိုက်ခိုက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရာဖာသည် ဟားမတ်စ်အဖွဲ့၏ အမာခံခြေကုပ်စခန်းဖြစ်သည်ဟု အစ္စရေးက ယူဆထားသည်။ အစ္စရေးနှင့်ဟားမတ်စ်အဖွဲ့သည် လက်ရှိအချိန်တွင် ဂါဇာဒေသငြိမ်းချမ်းရေးရရှိရေးအတွက် ဆွေးနွေးနေကြသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံတွင် ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုက်ခရိုဆော့ဖ်က ကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်




**ဂျကာတာ မေ ၁**

အင်ဒိုနီးရှားနိုင်ငံတွင် ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း အမေရိကန်နည်းပညာကုမ္ပဏီ မိုက်ခရိုဆော့ဖ်က ပြောကြားခဲ့သည်ဟု ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

လေးနှစ်ကြာ ဆောင်ရွက်မည့် ယင်းစီမံကိန်းကို အင်ဒိုနီးရှားနိုင်ငံတွင် ဆောင်ရွက်မည်ဟု မိုက်ခရိုဆော့ဖ်အမှုဆောင်အရာရှိချုပ် ဆက်ယာ နာဒီလာက ထပ်လောင်းပြောကြားသည်။

**ကူညီခြင်းဖြစ်**

ယခုစီမံကိန်းသည် ၂၀၄၅ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးအင်အားကြီးဖြစ်လာရမည်ဟူသည့် အင်ဒိုနီးရှားနိုင်ငံ၏ရည်မှန်းချက်ကို ကူညီခြင်းဖြစ်ကြောင်း သမ္မတ ဂျိုကိုဝီဒိုဒိုနှင့်တွေ့ဆုံစဉ် ယင်းက ပြောကြားသည်။

ဉာဏ်ရည်တုနည်းပညာ သုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာကို နိုင်ငံအတွင်း တည်ဆောက်ရေးအတွက် ဝီဒိုဒိုက မိုက်ခရိုဆော့ဖ်အား ကမ်းလှမ်းခဲ့ပြီး ယင်းစင်တာတည်ဆောက်ရေးအတွက် သတ်မှတ်နေရာကို နိုင်ငံ၏မြို့တော်သစ် တည်ဆောက်မည့် နူဆန်ထရာတွင် တည်ဆောက်ရေးအဆိုပြုခဲ့သည်။

မိုက်ခရိုဆော့ဖ်သည် ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများကို ၂၀၂၅ ခုနှစ်တွင် အာဆီယံဒေသတွင်းနိုင်ငံများရှိ ဒေသခံ ၂ ဒသမ ၅ သန်းကို ပေးအပ်မည်ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

■

# ကမ္ဘာ့နိုင်ငံများရှိ အပူချိန်မြင့်တက်မှု သတင်းများ

## လာအိုနိုင်ငံ၌ အပူချိန်မြင့်တက်နေသဖြင့် စာသင်ကြားမှုကို ခေတ္တရပ်ဆိုင်းထားရန် ညွှန်ကြား

**ဗီယင်ကျန်း မေ ၁**

လာအိုနိုင်ငံ၌ အပူချိန်မြင့်တက်နေသဖြင့် လိုအပ်ပါက စာသင်ကြားမှုကို ခေတ္တရပ်ဆိုင်းထားရန် လာအိုပညာရေးနှင့် အားကစားဝန်ကြီးဌာနက ပညာရေးတာဝန်ရှိသူများအား ညွှန်ကြားခဲ့သည်ဟု ယနေ့ ဆင်ဟွာသတင်းအရသိရသည်။

အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်နှင့်အထက် ရောက်ရှိလာနိုင်ပြီး ကျောင်းသားများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သဖြင့် တာဝန်ရှိသူများအနေဖြင့် မိုးလေဝသခန့်မှန်းချက်များကို လိုက်နာဆောင်ရွက်သင့်ကြောင်း ယင်းဝန်ကြီးဌာနက ပြောကြားသည်။ ကျောင်းသားများနှင့် ဆရာ ဆရာမများအား အပူဒဏ်မခံရစေရေးအတွက် ကြိုတင်ကာကွယ်သည့်အစီအမံများဆောင်ရွက်ရေး တာဝန်ရှိသူများအား ညွှန်ကြားထားသည်။ အပူချိန်လွန်ကဲသည့်အချိန်များတွင် ကျောင်းသားများအား ပြင်ပလှုပ်ရှားမှုများ မဆောင်ရွက်စေရေးအတွက် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်သည်။

လာအိုနိုင်ငံ မိုးလေဝသဗျူရို၏ ခန့်မှန်းချက်အရ လာအိုနိုင်ငံရှိဒေသအများစုသည် ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အတွင်း အပူချိန် ၃၉ မှ ၄၃ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်နိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အပူလှိုင်းကျရောက်

**ဒါကာ မေ ၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒေသအများအပြားတွင် စံချိန်တင်အပူချိန်မြင့်တက်မှုနှင့် ကြုံတွေ့နေရကာ အပူလှိုင်းကျရောက်နေကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ယမန်နေ့က နိုင်ငံအနောက်တောင်ပိုင်း ဂျက်စ်ဆိုရီခရိုင်တွင် အပူချိန် ၄၃ ဒီဂရီ ဆဲလ်စီးယပ်အထိမြင့်တက်ခဲ့ပြီး ယင်းအပူချိန်သည် ၁၉၈၉ ခုနှစ်မှစတင်သည့် မှတ်တမ်းများအရ စံချိန်တင်အပူချိန်မြင့်တက်ခြင်းဖြစ်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။ ပြီးခဲ့သည့်ရက်များအတွင်းက မြို့တော်ဒါကာ၏ အပူချိန်သည် ၄၀ ဒီဂရီ ဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့ပြီး ယမန်နေ့က ၄၀ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်အထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း သိရသည်။

ယမန်နှစ်ဧပြီလအတွင်းကလည်း ဒါကာ၏ အပူချိန်သည် ၄၀ ဒသမ ၆ ဒီဂရီ ဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့သည်။ နိုင်ငံတစ်ဝန်း အပူချိန် မြင့်တက်မှုကြောင့် အမျိုးသားရှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ကြောင်း အစိုးရက ပြောကြားသည်။ ပြီးခဲ့သည့်နှစ်များအတွင်းကစတင်၍ နိုင်ငံအတွင်း အပူလှိုင်းကျရောက်မှုများ ဖြစ်ပွားလေ့ရှိသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## ကမ္ဘောဒီးယားနိုင်ငံ၌ အပူချိန်မြင့်တက်လာမှုကြောင့် ဖြစ်လာသည့် ကျန်းမာရေးဆိုင်ရာ အကျိုးဆက်များကို သတိပြုနေထိုင်ကြရန် တာဝန်ရှိသူများ သတိပေး

**ဖနောင်ပင် မေ ၁**

ကမ္ဘောဒီးယားနိုင်ငံ၌ အပူချိန်များမြင့်တက်လာမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ အကျိုးဆက်များကို သတိပြုနေထိုင်ကြရန် ကျန်းမာရေးတာဝန်ရှိသူများက ယနေ့တွင် သတိပေးပြောကြားသည်။

လက်ရှိအချိန်၌ ဖြစ်ပေါ်နေသည့်အပူချိန်မြင့်တက်မှုသည် နိုင်ငံသမိုင်းတစ်လျှောက် အထူးခြားဆုံးအပူချိန် မြင့်တက်မှုဖြစ်သဖြင့် ယင်းကို ကာကွယ်ရန်အတွက် နိုင်ငံသားများအား ရေအများအပြားသောက်သုံးရန် ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အော်ဗင်ဒိုင်းက ပြောကြားသည်။ အရေပြားရောဂါ၊ ချွေးအထွက်လွန်ခြင်းနှင့် ရေဓာတ်ခန်းခြောက်ခြင်းများမဖြစ်စေရေးအတွက် နေရောင်ခြည်အောက်တွင် ကြာမြင့်စွာ နေထိုင်ခြင်းမပြုရန် တိုက်တွန်းကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ အပူချိန်မြင့်မားမှုကြောင့် အသက်ရှူရခက်ခဲခြင်း၊ နှလုံးတိုက်ခိုက်ခံရခြင်းနှင့် သေဆုံးခြင်းတို့ဖြစ်နိုင်ကြောင်း ယင်းက မှတ်ချက်ပြုပြောကြားသည်။

ရာသီဥတုပူပြင်းမှုကို ကာကွယ်ရေးအတွက် ရေအေးဆွတ်ထားသည့်အဝတ်ဖြင့် ခန္ဓာကိုယ်ကို တိုက်ခြင်းနှင့် ရေများများသောက်ခြင်း၊ ပွပွချောင်ချောင်အဝတ်အစားများဝတ်ဆင်ခြင်း၊ နေရောင်ကာခရင်မ်များလိမ်းခြင်းနှင့် နေပူထဲထွက်ပါက ထီးယူဆောင်ခြင်းတို့ဖြင့် ကာကွယ်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံသည် နှစ်ပေါင်း ၁၇၀ အတွင်း ထူးခြားအပူချိန်မြင့်တက်မှုဖြင့် ကြုံတွေ့နေရကြောင်း ရေအရင်းအမြစ်နှင့် မိုးလေဝသဆိုင်ရာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ချန်ယူသာက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## အိန္ဒိယနိုင်ငံ၌ အပူလှိုင်းကျရောက်

**နယူးဒေလီ မေ ၁**

အိန္ဒိယနိုင်ငံ၌ အရှေ့ပိုင်း ဩဒိသပြည်နယ်၊ ဘီဟာပြည်နယ်၊ အနောက်ဘင်ဂါပြည်နယ်၊ တောင်ပိုင်းအန်ဒရာပရာဒတ်ချ်ပြည်နယ်တို့တွင် အပူလှိုင်းများကျရောက်မှုကြောင့် အနီရောင်အဆင့်သတိပေးချက်ထုတ်ပြန်ထားကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

ထို့ပြင် တောင်ပိုင်းပြည်နယ်ဖြစ်သည့် ကာနာတာကာနှင့် တီလန်ဂါနာပြည်နယ်၊ အရှေ့ပိုင်းရှိ ဂျေဟာခန်ပြည်နယ်တို့တွင်လည်း လိမ္မော်ရောင်အဆင့် သတိပေးချက်ထုတ်ပြန်ထားသည်။ နိုင်ငံတစ်ဝန်းရှိ အချို့ဒေသများတွင် အပူချိန် ၄၅ ဒီဂရီ ဆဲလ်စီးယပ်အထိမြင့်တက်လာသဖြင့် နံနက် ၁၁ နာရီမှ မွန်းလွဲ ၃ နာရီအထိ ပြင်ပလှုပ်ရှားမှုများ မဆောင်ရွက်ကြရေး ညွှန်ကြားထားသည်။

အနီရောင်သတိပေးချက်အောက်ရှိ ဒေသများတွင် အပူကြောင့် ဖျားနာခြင်းနှင့် အပူလျှပ်လေဖြတ်ခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်ဟု မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ခဲ့ပြီး ဒေသခံများအား သတိပြုနေထိုင်ရန် ညွှန်ကြားခဲ့သည်။ တစ်ချိန်တည်းမှာပင် လိမ္မော်ရောင်သတိပေးချက်အောက်ရှိ ဒေသများတွင် ပြင်းထန်သည့်အပူချိန်အောက်တွင် ကြာမြင့်စွာအလုပ်လုပ်ပါက ကျန်းမာရေးထိခိုက်နိုင်ကြောင်း သတိပေးထားသည်။ အပူလှိုင်းကျရောက်မှုများပြားနိုင်သည့် ဒေသများမှာ မဒရာပရာဒေ့ရှ်၊ ဂူဂျာရတ်၊ ဩဒိသ၊ အန်ဒရာပရာဒေ့ရှ်၊ မဒရာမဟာရက်ရှ်သာ၊ ဗီဒါဗာ၊ မာရစ်ဝါဒါ၊ ဘီဟာနှင့် ဂျဟာခန်းဒေသတို့ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ၊ အိန္ဒိယတုဒေး**
**ဘာသာပြန် – စိုးသူရ**

# ကညွတ်ကွင်းမြို့နှင့် ညောင်ပင်သာမြို့အကြား ရန်ကုန်-မန္တလေးကားလမ်းပေါ်ရှိ ငနုသန်းတံတားနှင့် ရန်ကုန်-မန္တလေးသွား မီးရထားလမ်းအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင် ဖောက်ခွဲဖျက်ဆီး

နေပြည်တော် မေ ၁

အကြမ်းဖက် အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ကျေးရွာများအတွင်း ဝင်ရောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၂ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ကညွတ်ကွင်းမြို့၏ အနောက်မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာရှိ ကညွတ်ကွင်းမြို့နှင့် ညောင်ပင်သာမြို့အကြား မိုင်တိုင်အမှတ်(၁၁၈/၀)နှင့် တံတားအမှတ်(၁၈၂)နေရာ ရန်ကုန်-မန္တလေးကားလမ်းပေါ်ရှိ ဒေသခံပြည်သူများ အားထားအသုံးပြုလျက်ရှိသည့် အရှည်ပေ ၇၀၊ အကျယ် ၆၄ ပေ ငနုသန်းသံကူကွန်ကရစ်တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲမှုကြောင့် တံတား၏ အလယ် အလျားပေ ၅၀ ခန့်နှင့် အကျယ် ပေ ၅၀ ခန့် ပြိုကျပျက်စီးခဲ့သည်။

အလားတူ KNLA အဖွဲ့မှ အကြမ်းဖက်မှု လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ၎င်းတံတား၏ အနောက်မြောက်ဘက် မီတာ ၇၀၀ ခန့်အကွာရှိ ရန်ကုန်-မန္တလေး မီးရထားလမ်းအား မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ရထားလမ်းဟောင်း၌ ရထားလမ်းသံပေါင်နှစ်ခုမှာ ၁၀ ပေခန့် ပြုတ်ထွက်ပျက်စီး၍ ရထားလမ်းသစ်သံပေါင်နှစ်ခုမှာ ပေ ၂၀ ခန့် ပြုတ်ထွက်ပျက်စီးခဲ့သည်။




KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက တံတားနှင့် မီးရထားလမ်းတို့အား မိုင်းထောင်ဖောက်ခွဲခဲ့သည့် နေရာပြပုံ။





KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ငနုသန်းသံကူကွန်ကရစ်တံတား ပျက်စီးနေမှုပုံ။

အကြမ်းဖက် သမားများအနေဖြင့် ကျေးရွာသူ ကျေးရွာသားများအား သွားလာမှုခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ ကုန်စည်စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှုဖြစ်စေပြီး တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်သည်။

အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် လူနှင့် မော်တော်ယာဉ်များ သွားလာ၍ မရကြောင်းနှင့် လမ်း၊ တံတားပျက်စီးမှုများအား သက်ဆိုင်ရာ လမ်း/တံတားဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာ ဧပြီ ၂၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်(သွင်းကုန်)၌ ဝန်စည်တစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် John Langford of London တီရှပ်အင်္ကျီအထည် ၆၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၀၀၀၀၀)ကို လည်းကောင်း၊ ဧပြီ ၂၉ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် ယာဉ်အပိုပစ္စည်း Riko Oil Filter ၄၈၀ အပါအဝင် ကုန်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁၅၈၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၅၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧပြီ ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် West Lake ကားတာယာအလုံး ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၅၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ယင်းအပြင် ဧပြီ ၂၉ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မကွေးမြို့ ရေဝတီတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Insight ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧပြီ ၂၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ပုသိမ်-ချောင်းသာ-ငွေဆောင် ကားလမ်းမကြီး ကြို့တံတားလမ်းဆုံ၌ လိုင်စင်မဲ့ Toyota Alphard ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧပြီ ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Hijet ယာဉ်တစ်စီးနှင့် Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀)ကို လည်းကောင်း၊ ကလေးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Yamaha Ray Z ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၈၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧပြီ ၃၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင်သစ်မာ ၁ ဒသမ ၀၈၂ တန်နှင့် အခြားသစ် ၂ ဒသမ ၁၀၇ တန် (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၀၂၂၃၉၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၂၇ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲကိုးမှု (ခန့်မှန်းတန်ဖိုးငွေ ၁၃၆၁၈၀၃၉၄ ကျပ်)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်

❂ ကျောဖုံးမှ

ရောက်ရှိပြီး ၈ နာရီခွဲတွင် ရန်ကုန်ဘက်သို့လည်းကောင်း၊ မန္တလေးမှ ထွက်ခွာလာသည့် ခရီးသွားပြည်သူ ၁၇၄ ဦးလိုက်ပါလာသော အမှတ် (၁၂)အစုန်လူစီးအမြန်ရထားသည် မြစ်သားသို့ နံနက် ၆ နာရီ ၆ မိနစ်တွင် ရောက်ရှိပြီး ၈ နာရီ ၂၅ မိနစ်တွင် မန္တလေးဘက်သို့ လည်းကောင်း ပြန်လည်ထွက်ခွာ ပို့ဆောင်ပေးခဲ့ရသဖြင့် ခရီးသည်များအား ခရီးဆုံးထိ ပို့ဆောင်နိုင်ခြင်း မရှိတော့ဘဲ အဆိုပါလူစီး အမြန်ရထားနှစ်စင်းအား ယာယီဖျက်သိမ်းခြင်း ပြုလုပ်ခဲ့ရသည်။

**နယ်မြေရှင်းလင်းစစ်ဆေး**

မိုင်းဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ရောက်ရှိလာပြီး နယ်မြေရှင်းလင်းစစ်ဆေးခြင်းနှင့် မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော စက်ခေါင်းနှင့်တွဲများအား မတင်၍ လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ မိုင်းပေါက်ကွဲဖျက်ဆီးခံရသည့်ဖြစ်စဉ်နှင့် ရထားလမ်းချော်မှုဖြစ်စဉ်များကြောင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်သော အစုန်လမ်းပေါ်တွင် ကွန်ကရစ်ဇလီဖား ၁၀ တုံး၊ သံလမ်းပေ ၈၀ ခန့်ပျက်စီးသွားပြီး အဆန်လမ်းပေါ်တွင် ကွန်ကရစ်ဇလီဖား ၃၂ တုံး၊ သံလမ်းပေ ၃၀ ခန့်ပျက်စီးခဲ့ကာ ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ရေး ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာ နယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ ဖျက်ဆီးခြင်း(၁၃၁)ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း (၅၄) ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း(၁၂)ကြိမ် ကျူးလွန်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ် ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ ယုတ်မာပက်စက်စွာဖြင့် အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းအပေါ် ဒေသခံများနှင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာဆန့်ကျင် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

**မြန်မာ့မီးရထား**













ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဖြူးမြို့နယ် ကညွတ်ကွင်းနှင့် ညောင်ပင်သာဘူတာအကြား ရထားလမ်းအား အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံထားရခြင်းကြောင့် ကုန်ရထားဖြတ်သန်းစဉ် ရထားလမ်းချော်ကျမှုဖြစ်ပွားစဉ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဧပြီ ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Chaw Su Hlaing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လွတ်လပ်ရေးရပ်ကွက်နေ မချောစုလှိုင်အား ကျောက်ပန်းတောင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေဦးမြို့ပေါ်က ဒေသခံအမျိုးသား ကိုးဦးကို စစ်မှုထမ်းရန်အတွက် ဖမ်းဆီးဟု သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ပေါ်ရပ်ကွက်နှစ်ခုရှိ အမျိုးသား ကိုးဦးကို စစ်မှုထမ်းဆောင်ရန် ဧပြီ ၂၉ ရက် ညတွင် တပ်မတော်က နေအိမ်အထိ လိုက်လံဖမ်းဆီးသွားသည်ဟု သတင်းအမှားများကို ပြည်ဖျက်မီဒီယာများက ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်ရှိ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းရာ ပြည်သူ့စစ်မှုထမ်းဆောင်ရန် တာဝန်သိ ပြည်သူများက ပူးပေါင်းဆောင်ရွက်ခြင်းများ လုပ်ဆောင်လျက်ရှိပြီး စစ်မှုထမ်းဆောင်ရန်အတွက် ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ခြင်း၊ အဓမ္မဖိအားပေးစုဆောင်းခြင်းများ လုပ်ဆောင်ခြင်းမရှိကြောင်းနှင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ကောလာဟလသတင်းမှားများဖြင့် အချိန်ကိုက် ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





- ❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများလွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ❖ အွန်လိုင်းလောင်းကစား ကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ဝင်ငွေတိုးပွား အကျိုးများဖို့ နေကြာစိုက်ပျိုးစို့

ကေတာ

သစ္စာရှိခြင်းနှင့် ကြင်နာမြတ်နိုးခြင်းတို့၏ သင်္ကေတဖြစ်သည့် နေကြာပန်းသည် သဘာဝအတိုင်း အရိုင်းဆန်ဆန်ပွင့်လေ့ရှိသည်။ နေကြာပန်းပွင့်သည် နေမင်းကြီးနှင့်တူပြီး နေရှိသည့်အရပ်ကို မျက်နှာမူနေသောကြောင့် မြန်မာအမည် နေကြာပန်း၊ အင်္ဂလိပ်အမည် Sunflower ဟု ခေါ်ဆိုကြသည်။ မင်းသမီးလေးသည် နေကြာပန်းအသွင်ဖြင့် မင်းသားလေးဖြစ်သည့် နေမင်းကြီးကို စောင့်မျှော်လေ့ရှိသည့်အတွက် နေကြာပန်းများသည် နေဘက်သို့မျက်နှာမူ၍ ပွင့်လေ့ရှိသည်ဟု ဆိုစမှတ်ပြုကြသည်။



**နေကြာမျိုးစိတ်ပေါင်း ၇၀ ကျော်**

နေကြာပန်းသည် ရုက္ခဗေဒဘာသာအားဖြင့် မျိုးစု (Genus) Helianthus တွင် ပါဝင်ပြီး မျိုးစိတ်ပေါင်း ၇၀ ကျော်ရှိသည်။ အရောင်အဆင်းနှင့် ပြည့်စုံသည့် နေကြာပန်းကို ကံကောင်းခြင်း၊ ပျော်ရွှင်ခြင်း၊ ချမ်းသာကြွယ်ဝခြင်း အဓိပ္ပာယ်ဖြင့် လက်ဆောင်ပေးလေ့ရှိသည်။

နေကြာပန်းသည် အဓိပ္ပာယ်ပြည့်ဝလှပသည့် ပန်းအဖြစ်သာမက လူတို့အတွက် အစားအစာများ ပြင်ဆင်ချက်ပြုတ်ရာတွင် မပါမဖြစ် စားသုံးဆီအဖြစ်ပါ ပေးစွမ်းနိုင်သည်။

နေကြာဆီသည် မပြည့်ဝဆီဖြစ်ပြီး သင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက် ကောင်းမွန်သည့် သွေးတွင်းအဆီဓာတ်(HDL)ကို မြင့်တက်စေနိုင်ပြီး မကောင်းသည့် အဆီဓာတ်(LDL)ကို လျှော့ချပေးခြင်းဖြင့် နှလုံးရောဂါနှင့် အမျိုးအစား (၂) ဆီးချိုရောဂါ စသည့်မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားနိုင်ခြေကို လျော့နည်းစေနိုင်သည်။

နေကြာဆီသည် မှိုပါဝင်မှုမရှိခြင်း၊ အနံ့အရသာကောင်းမွန်ခြင်း၊ အကြော်ခံခြင်းတို့ကြောင့် ကျန်းမာရေးနှင့် သင့်လျော်သည့် စားသုံးဆီအဖြစ် ဈေးကွက်တွင် လူကြိုက်များ ရေပန်းစားလာသည်။

ထို့ကြောင့် နေကြာပန်းကို ဆီထွက်သီးနှံအဖြစ် တစ်ကမ္ဘာလုံးတွင် ကျယ်ပြန့်စွာ စိုက်ပျိုးလေ့ရှိသည်။ နေကြာစိုက်ပျိုးမှု အများဆုံးနိုင်ငံများမှာ ယူကရိန်း၊ ရုရှားနှင့် ဥရောပသမဂ္ဂနိုင်ငံများ ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဆီထွက်သီးနှံများတွင် နေကြာသည် အရေးပါသော သီးနှံတစ်ခုဖြစ်ပြီး ၁၉၆၈ ခုနှစ်တွင် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိခဲ့ကာ ယခုအခါ ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် တစ်နိုင်ငံလုံး၌ စိုက်ပျိုးလျက် ရှိသည်။

စိုက်ပျိုးသူတောင်သူများအနေဖြင့် စိုက်ပျိုးရလွယ်ကူပြီး စိုက်ပျိုးစရိတ်သက်သာ၍ အကျိုးအမြတ်ရရှိနိုင်သော သီးနှံဖြစ်သည့်အတွက် နေကြာကို တိုးချဲ့စိုက်ပျိုးရန် ရွေးချယ်လာကြသည်။

နေကြာကို သက်လျင်နှင့် သက်လတ်စပါးမျိုးများ ရိတ်သိမ်းအပြီး မြေအစိုဓာတ် မခန်းခြောက်မီ သီးထပ်အဖြစ် စိုက်ပျိုးလေ့ရှိကြသည်။ ယာသီးနှံများဖြစ်သော မိုးမြေပဲ၊ နှမ်းလျင်၊ သက်လျင်၊ ပဲတီစိမ်းနှင့် ပြောင်းဖူး စသောသီးနှံများ ရိတ်သိမ်းပြီးချိန်၌လည်း သီးထပ်အဖြစ် စိုက်ပျိုးနိုင်သည်။ နေကြာကို ဂျုံ၊ ပဲတီစိမ်း၊ ကြံ၊ ပဲစင်းငုံစသော သီးနှံများ၏ တန်းကြားတွင် သီးညှပ်အဖြစ်လည်း စိုက်ပျိုးကြသည်။

တောင်သူများသည် နေကြာကို မိုးရာသီ မေလမှ ဇွန်လအတွင်း၊ မိုးနှောင်းရာသီ စက်တင်ဘာလမှ အောက်တိုဘာလအတွင်း စိုက်ပျိုးကြသည်။ တောင်သူများ အများဆုံး စိုက်ပျိုးသည့်မျိုးများမှာ သဘာဝဝတ်မှုန်ကူးသော မျိုးများဖြစ်သည့် ဆန်ဖိုလာ၊ မဟူရာနှင့် ဆင်းရွှေကြာ-၂ ကဲ့သို့သော မျိုးများဖြစ်သည်။

၂၀၂၃-၂၀၂၄ ခုနှစ်တွင် ဆီထွက်သီးနှံစိုက်ဧက ၈ ဒသမ ၂၉ သန်းရှိပြီး နေကြာစိုက်ပျိုးမှုသည် ၁ ဒသမ ဝ၇ သန်း ရှိခဲ့သည်။

ပြည်တွင်းစားသုံးဆီ သုံးစွဲမှုအနေဖြင့် လူတစ်ဦးလျှင် တစ်နှစ်ကို ဆီစားသုံးမှု ကိုးပိဿာနှုန်း စားသုံးမှုရှိပါက ပြည်ပသို့ ဆီထွက်သီးနှံတင်ပို့ခြင်းမပြုဘဲ ပြည်တွင်းမှထွက်ရှိသည့် ဆီထွက်သီးနှံအားလုံးကို ဆီကြိတ်နိုင်မည်ဆိုလျှင် ဆီဖူလုံမှုမှာ ၁၀၇ ရာခိုင်နှုန်း ရှိသည်။ ဆီထွက်သီးနှံ ပြည်ပတင်ပို့မှုကို နုတ်ဖယ်ပြီး တွက်ချက်ပါက ဆီဖူလုံမှု ၉၆ ရာခိုင်နှုန်း ရှိသည်။

လက်ရှိအချိန်တွင် ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် စားအုန်းဆီများကို ပြည်ပမှ တင်သွင်းနေရပြီး ပြည်သူအများစု အားပြုသုံးစွဲနေရသည့် ဈေးကွက်အတွင်းမှ စားအုန်းဆီများသည် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသည့်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှစတင်ကာ စားအုန်းဆီတင်သွင်းမှု မပြုတော့ဘဲ ပြည်တွင်း၌ ဆီထွက်သီးနှံစိုက်ပျိုးမှုကို တိုးတက်အောင်ဆောင်ရွက်၍ ပြည်တွင်းစားသုံးမှုလိုအပ်ချက် ပြည့်မီအောင် နိုင်ငံတော်က ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

**ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေး**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးအစီအမံများ ချမှတ်ပြီး ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) ဇုန်အလိုက် စိုက်ပျိုးမည့်စီမံချက်ကို ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်လျက်ရှိသည်။

စီမံချက်အတွက် အထူးဇုန်များကို နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် သတ်မှတ်ဖော်ဆောင်သွားမည် ဖြစ်သည်။ ယင်းအထူးဇုန်များတွင် ဆီထွက်သီးနှံဧက သုံးသန်းကျော် စိုက်ပျိုးမည်ဖြစ်ပြီး နေကြာဧက သုံးသိန်းခွဲကျော် ပါဝင်မည်ဖြစ်ကာ တစ်ဧကအထွက်နှုန်း ၂၅ တင်း ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်ရန် လျာထားသည်။

နေကြာသီးနှံသည် ဆီထွက်သီးနှံများတွင် စိုက်ပျိုးရသော မျိုးစေ့ပမာဏနှင့် ထွက်ရှိသော မျိုးစေ့ပမာဏ အချိုးအစားမြင့်မားခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကာလတိုအတွင်း တိုးချဲ့စိုက်ပျိုးရန် အလားအလာကောင်းခြင်း၊ အခြားဆီထွက်သီးနှံများနှင့် နှိုင်းယှဉ်ပါက ဆီထွက်ရာခိုင်နှုန်း ပိုမိုများပြားခြင်း၊ နေကြာဆီသည် ကျန်းမာရေးနှင့် ညီညွတ်ခြင်း စသည့်အားသာချက်များကြောင့်လည်း တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရန် ရှေ့ပြေးလုပ်ငန်းစဉ်အဖြစ် ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီတွင် မြေပဲ၊ နှမ်း၊ နေကြာဆီထွက်သီးနှံ သုံးမျိုးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တောင်သူများကို ချေးငွေပံ့ပိုးမှုအနေဖြင့် မြေပဲတစ်ဧက ငွေကျပ် သုံးသိန်း၊ နှမ်းတစ်ဧက ငွေကျပ် တစ်သိန်းခွဲ၊ နေကြာ တစ်ဧက ငွေကျပ် နှစ်သိန်းနှင့်ညီမျှသည့် သွင်းအားစုများကို ထောက်ပံ့ပေးခဲ့သည်။

ထိုကဲ့သို့ နိုင်ငံတော်က စိုက်ပျိုးရေးအတွက် လိုအပ်သည့် သွင်းအားစုများကို ကူညီထောက်ပံ့ပေးခြင်းဖြင့် တောင်သူများ ပိုမိုစိုက်ပျိုးထုတ်လုပ်လာနိုင်ပြီး ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်လာမည်ဖြစ်သည်။

ထို့ပြင် ပြည်ပမှ စားအုန်းဆီကို တင်သွင်းနေရမှုကြောင့် နိုင်ငံခြားငွေသုံးစွဲရမှုကို လျှော့ချနိုင်မည်ဖြစ်သလို ပြည်သူများအနေဖြင့် ပြည်တွင်းမှ ထွက်ရှိသည့် ကျန်းမာရေးနှင့်ညီညွတ်သော နေကြာဆီကို သင့်တင့်သောဈေးနှုန်းဖြင့် အသုံးပြုလာနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နေကြာ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းသည် တောင်သူများ၊ ဆီစက်လုပ်ငန်းရှင်များအတွက် ဝင်ငွေရတွက်ခြေကိုက်သကဲ့သို့ ထုတ်လုပ်မှုကွင်းဆက်အတွင်း ဒေသခံများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမည် ဖြစ်သည့်အတွက် ဝင်ငွေတိုးပွားအကျိုးများဖို့ နေကြာစိုက်ပျိုးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**❂ မြန်မာနိုင်ငံ၏ ဆီထွက်သီးနှံများတွင် နေကြာသည် အရေးပါသော သီးနှံတစ်ခုဖြစ်ပြီး ၁၉၆၈ ခုနှစ်တွင် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိခဲ့ကာ ယခုအခါ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် တစ်နိုင်ငံလုံး၌ စိုက်ပျိုးလျက်ရှိ**

**❂ လက်ရှိအချိန်တွင် ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် စားအုန်းဆီများကို ပြည်ပမှတင်သွင်းနေရပြီး ပြည်သူအများစု အားပြုသုံးစွဲနေရသည့် ဈေးကွက်အတွင်းမှ စားအုန်းဆီများသည် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသည့်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှစတင်ကာ စားအုန်းဆီတင်သွင်းမှုမပြုတော့ဘဲ ပြည်တွင်း၌ ဆီထွက်သီးနှံစိုက်ပျိုးမှုကို တိုးတက်အောင်ဆောင်ရွက်၍ ပြည်တွင်းစားသုံးမှုလိုအပ်ချက်ပြည့်မီအောင် နိုင်ငံတော်က ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိ**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆီဆိုင်မြို့နယ်၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဆီဆိုင် မေ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ကို ဇန်နဝါရီလအတွင်း အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံ၊ ဈေး၊ နေအိမ်များ၊ ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ထို့ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ ဆီဆိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များက ပြန်လည်ဝင်ရောက်နေထိုင်သည့် ဒေသခံပြည်သူများအတွက် အဆင်ပြေ



စေရန် သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးပြန်လည်ရရှိရေး၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရေး၊ မြို့မဈေးပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ဆီဆိုင်မြို့နယ်တွင် ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံပြည်သူများပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိကာ ဒေသခံပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ဈေးများဖွင့်လှစ်ရောင်းချခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့် သောက်သုံးရေရရှိရေးအတွက် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်သည်။ အဆိုပါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကျောင်းကုန်းမြို့၌ (၇၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကျောင်းကုန်း မေ ၁**

မေ ၅ ရက်တွင် ကျရောက်မည့်(၇၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ အမှတ်(၂)ရပ်ကွက် မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီးဝင်းအတွင်း ယနေ့နံနက် ၈ နာရီခွဲတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ကျောင်းကုန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်ဝင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဝင် ၁၅ ဦး စုစုပေါင်း ၄၅ ဦးတို့က အမှိုက်များ၊ မြက်များအား ရှင်းလင်းဖယ်ရှားကာ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

# သထုံမြို့နယ်အတွင်း မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေး

**သထုံ မေ ၁**

(၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် သထုံမြို့နယ်အတွင်း တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြသည်။

**အသိပညာပေးဆွေးနွေး**

သထုံမြို့နယ်အတွင်း လိပ်အင်း၊ နန်းခဲ၊ အောက်ကျင်းနှင့် သိမ်ကုန်းရပ်ကွက်တို့ရှိ အိမ်ခြေ ၂၉၅ အိမ်၊ အိမ်ထောင်စုပေါင်း ၃၁၈ စုတို့ကို မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးကာ မီးလောင်မှုဖြစ်ပွားရသည့် အဓိကအချက်များ၊ ပြည်သူများအနေဖြင့် မီးလောင်မှုမဖြစ်ပွားအောင် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မီးဘေးကြိုတင်ကာကွယ်ရေး လိုက်နာရမည့်အချက်များ၊ ဆောင်ရန်/ရှောင်ရန်အချက်များ စသည့် သိမှတ်ဖွယ်



ရာတို့ကို အသိပညာပေးဆွေးနွေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူ

**ဝမ်တွင်း မေ ၁**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် မီးသတ်ဦးစီးဌာနသည် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူခြင်းကို မေ ၁ ရက် နံနက် ၇ နာရီတွင် ဆောင်ရွက်ခဲ့သည်။

ဆိုင်းဘုတ်စိုက်ထူရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ဝမ်းတွင်းမြို့ အမှတ်(၂)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေးနှင့် ဝမ်းတွင်းမြို့ အမှတ်(၃)ရပ်ကွက် သဲတော-ဝမ်းတွင်းလမ်းမဘေး မြို့နယ်မီးသတ်ဦးစီးမှူးရုံးရှေ့တို့၌ စိုက်ထူခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်

# ဒုတိယအကြိမ်မြောက် ထိုင်း-မြန်မာ လူငယ်ရွက်လှေသင်တန်းဆင်းပွဲ ပြုလုပ်

**ကော့သောင်း မေ ၁**

ထိုင်းနိုင်ငံ ရနောင်းခရိုင်၌ ကျင်းပခဲ့သည့် ရနောင်း-ကော့သောင်း ဒုတိယအကြိမ်မြောက် ထိုင်း-မြန်မာ လူငယ်ရွက်လှေသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက် ဘုရင့်နောင်ကုန်းမြေနေရာ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ ရနောင်းဒုတိယခရိုင်ဝန် Sub Lt.kittipop က သင်တန်းဆင်းအမှာစကား ပြောကြားပြီး စစ်ဗျူဟာ အခြေချအဖွဲ့(ကော့သောင်း) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်ထိုက်က ကြိုဆိုနှုတ်ခွန်းဆက်အမှာစကား




ပြောကြားသည်။

ထို့နောက် ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး ရနောင်းရေတပ်ဗိုလ်မှူးကြီး CAPT .Pornprom Sakultem က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ရနောင်း-ကော့သောင်း ဒုတိယအကြိမ်မြောက် ထိုင်း-မြန်မာ လူငယ်ရွက်လှေသင်တန်း တက်ရောက်ပြီးမြောက်ခဲ့သော မြန်မာလူငယ် ၂၂ ဦး၊ ထိုင်းလူငယ် ၃၂ ဦး စုစုပေါင်း ၅၄ ဦးအား တာဝန်ရှိသူ ၁၃ ဦးက သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ကြသည်။ ထို့နောက် ရနောင်းခရိုင်မှ တာဝန်ရှိသူများအား ကော့သောင်းခရိုင်မှ တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင် ကော့သောင်းခရိုင် ခရီးသွားလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဗညားသိုင်းမွန်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကော့သောင်းမြို့နယ်အတွင်းရှိ ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းများက ငါး၊ ပုစွန်များ ဖြန့်ဖြူးရောင်းချ

**တနင်္သာရီ မေ ၁**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ငါးဖမ်းလုပ်ငန်းများမှ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများကို ပြည်တွင်း၌ ရောင်းချပေးလျက်ရှိရာ ကော့သောင်းမြို့နယ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း သိမ်းထိုက်ဖော် ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်မှ ရေထွက်ပစ္စည်းကုန်တန်ချိန် ၆၀၉၈ ဒသမ ၁၁၂ တန်နှင့် ချမ်းမြေ့ကျော်ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်မှ ရေထွက်ပစ္စည်းကုန်တန်ချိန် ၄၅၄ ဒသမ ၃၂ တန်ကို စားသုံးသူပြည်သူများသို့ ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ ခန္တီးမြို့နှင့် လဟယ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

မုံရွာ မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းတွင် ခန္တီးခရိုင် ခန္တီးမြို့ရှိ မေတ္တာဆည် ပြန်လည်တူးဖော်အဆင့်မြှင့်တင်ရေး လုပ်ငန်းခွင်သို့ရောက်ရှိကြရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့် တာဝန်ရှိသူများက ကန်ဟောင်း စိမ့်တောရှင်းခြင်း၊ ကန်ပေါင်ဆယ်ခြင်း၊ ကန်သစ်တူးဖော်ခြင်း၊ မြေသားတာပေါင်တင်ခြင်းနှင့် ရေပိုလွှဲမြှင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ခန္တီးမြို့ မြသိန်းတန်စေတီတော်ကြီးအနီး ချင်းတွင်းမြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း သံကူကွန်ကရစ် မြေထိန်းတမံ အလျားပေ ၁၅၀ တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။



ထို့နောက်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ခန္တီးမြို့ ပေါမိုင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ဆောင်ရွက်နေသည့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက နိုင်ငံရေးစိစစ်ရေးကတ်ပြားများ ပေးအပ်ကာ နိုင်ငံသားတစ်ဦးချင်း၏ ကိုယ်ရေးအချက်အလက် (Biographic)နှင့် ဇီဝဆိုင်ရာ အချက်အလက် (Biometric)ကောက်ယူနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ လဟယ်မြို့ရှိ ဟွေထိုက်အသေးစားရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးမှ လက်ထောက်ညွှန်ကြားရေးမှူးက ဟွေထိုက် အသေးစား ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဟွေထိုက် အသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် လဟယ်မြို့ နာဂရိုးရာယဉ်ကျေးမှုပြတိုက်အတွင်း နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်များက မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့် အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် လဟယ်မြို့ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဒေသဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်/မြို့များ၏ ဒေသဆိုင်ရာအချက်အလက်များကို ဖြည့်စွက်တင်ပြဆွေးနွေးသည်။

ဆက်လက်၍ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာသူများက မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများအတွက် ထောက်ပံ့ငွေများကိုပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဇေယျာသီရိမြို့နယ်၌ တိရစ္ဆာန်ရောဂါကာကွယ်ရေး၊ ဆေးကုသရေးလုပ်ငန်းများနှင့် အသိပညာပေး ဟောပြောခြင်းများ ကွင်းဆင်းဆောင်ရွက်

ဇေယျာသီရိ မေ ၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက တိရစ္ဆာန်ရောဂါကာကွယ်ရေး၊ ဆေးကုသရေးလုပ်ငန်းများနှင့် အသိပညာပေးဟောပြောခြင်းများကို ယနေ့နံနက်ပိုင်းက သာယာကုန်းကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာထွေးကိုကိုက ကျွဲ၊ နွားကောင်ရေ စာရင်းတိကျ



မှန်ကန်မှုရှိစေရန်၊ ကျွဲ၊ နွားများ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်စေရန်၊ ကျွဲ၊ နွားပိုင်ဆိုင်မှုခိုင်မာစေရန် ရှင်းလင်းပြောကြားပြီး ဥတ္တရခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာဇော်ဝင်းထွန်းက ဘဲမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးဒီပလိုမာနှင့် စိုက်ပျိုး၊ မွေးမြူရေးကျောင်းများအကြောင်းကိုလည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ အောင်ငြိမ်းချမ်းက ခွာနာလျှာနာ(FMD) ရောဂါထိန်းချုပ်ဖနှိမ်အင်္ဂါရပ်များ၊ နားကပ်တပ်ဆင်ခြင်း၏ အရေးပါပုံနှင့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဌာနခွဲ(ရုံးချုပ်)မှ သုတေသနအရာရှိ ဒေါက်တာလှိုင်ဝင်းက ခွာနာလျှာနာ (FMD) ရောဂါနှင့် ဆက်စပ်ရောဂါများအကြောင်း၊ ခွေးရူးရောဂါ ကာကွယ်တားဆီးရေးအကြောင်းများကိုလည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာမြတ်စုခိုင်က တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်ခြင်း ဆောင်ရွက်ပေးနိုင်မှုနှင့် ကူးစက်ရောဂါသတင်းပေးပို့မှုစနစ် ဆောင်ရွက်ရေး ရှင်းလင်းဟောပြောသည်။ ယင်းနောက် ကျေးရွာအတွင်းမှ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူ ၁၅ ဦးတို့၏ နွား ၃၅ ကောင်နှင့် ဆိတ် ၂၈ ကောင်တို့အား ကာကွယ်ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ် သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူရှိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊
(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊
(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊
(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ် ထားရှိရန်၊
(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျကြိုတင်စုဆောင်းထားရန်၊
(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊
(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊
(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# နေတတ်ရင် လွယ်ပါတယ်

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

(၁၉-၄-၂၀၂၄ ရက်နေ့မှအဆက်)

"သတိ၊ ဝီရိယ၊ သမာဓိဆိုတဲ့အုပ်စုတူတွေက စွမ်းအားတစ်မျိုး၊ ပညာဉာဏ်အုပ်စုတူတွေက စွမ်းအားတစ်မျိုးပါ၊ သတိက မမေ့အောင်၊ အမှတ်ရအောင်လုပ်ပေးပါတယ်။ ဉာဏ်ဆိုတာ မမေ့တာ မေ့တာနဲ့ကို မဆိုင်ပါဘူး။သတိက မမေ့အောင်လုပ်နိုင်ပါတယ်။ အားကောင်းနေရင်ပေါ့၊ သတိအားနည်းရင်တော မေ့တတ်၊ လျော့တတ်ပါတယ်။ သတိလွတ်အားနည်းတာကြောင့် ဈာန်လျှောသလိုတွေဖြစ်တတ်ပါတယ်။

ဉာဏ်က သဘောပေါက်နားလည် သိမြင်တာပါ၊ မမေ့တာ မေ့တာဆိုတာ ဉာဏ်နဲ့ပတ်သက်ပြီး ပြောဆိုနေစရာမရှိပါဘူး။

ဉာဏ်ဖြစ်တိုင်း သတိပါနေလို့သာ ဉာဏ်က မမေ့ပါဘူးလို့ ပြောချင်ပြောလို့ရပါတယ်"

"အရှင်ဘုရားပြောတာတွေလည်း ဟုတ်ပါတယ်။ တပည့်တော်သိချင်တာကတော့ ဝိပဿနာဉာဏ်အစစ်ဟာ ဘယ်နှလလောက် အရှိန်ကောင်းနေနိုင်သလဲဆိုတာ အတိအကျသိချင်ပါတယ်ဘုရား"

"အင်း. . ဒကာမကြီးက တော်တော်အားကြီးတဲ့ ခံစားချက်နဲ့ ပြောတာကိုး၊ ဒကာမကြီးရဲ့အိမ်က ဘယ်သူများ တရားတွေ အားထုတ်ရာက ပြန်လာခဲ့လို့လဲ၊ ဘယ်နှလရှိပြီလဲ၊ ပြောစမ်းပါဦး"

"အင်း . အရှင်ဘုရားက အရှင်ဘုရားဒကာကြီး တရားစခန်းက ပြန်လာတာ ဘယ်လိုလုပ်သိတာလဲ၊ ဟုတ်တယ်၊ ဟုတ်တယ်၊ သူပြန်လာတာ နှစ်လကျော်လောက် ရှိသွားပါပြီဘုရား"

"ဘယ်လိုလဲ၊ ဝိပဿနာဉာဏ်လည်း ရခဲ့တယ်လို့ပြောတယ်၊ ပထမပိုင်းတော့ ဟုတ်သလိုလိုပဲ၊ အခုနှစ်လလောက်ကြာလာတော့ နဂိုအတိုင်းပြန်ဖြစ်သွားလို့ လာပြီးမေးတာ မဟုတ်လား"

"အမယ်လေး၊ ဟုတ်လိုက်လေဘုရား၊ မှန်လိုက်လေဘုရား၊ နဂိုအတိုင်း ပြန်ဖြစ်သွားတာက အမှန်ပဲဘုရား၊ အခုဆိုရင် နဂိုအတိုင်းထက်တောင် ပိုပြီးဆိုးချင်နေပါသေးတယ်ဘုရား"

"အင်း ဒီလိုပဲဖြစ်တတ်ကြပါတယ်လေ"

"ဟင် . . ဝိပဿနာဉာဏ်အစစ်ရပြီးတဲ့သူက အဲဒီလိုပဲ ဖြစ်တတ်သလားဘုရား"

"အင် . . နဂိုအတိုင်းပြန်ဖြစ်တယ်၊ ပိုတောင်ဆိုးသွားသေးတယ်ဆိုကတည်းက ဝိပဿနာဉာဏ်အစစ်ရတယ်၊ မရဘူးဆိုတာ ဒကာမကြီးလည်း သိရောပေါ့"

"တပည့်တော်လည်း အဲဒီလိုတော့ ထင်တာပါပဲဘုရား၊ ဒါပေမဲ့ ဟုတ်မဟုတ်၊ ဉာဏ်အစစ်ဟာ ဒီလိုပဲ လျော့ကျတတ်သလားဆိုတာ သိချင်တာပါဘုရား"

"ကဲ . . ကဲ . . ဒကာမကြီးလည်း ဈေးသည်ပဲလေ၊ အိမ်မှာ အိမ်ဈေးဆိုင်ရှိနေတော့ မေးကြည့်ဦးမယ်"

"မေးပါဘုရား"

"ဟိုးအရင် ဆိုင်စပြီးဖွင့်ကတည်းက တစ်နှစ်ကို ဘယ်လောက်မြတ်တယ်၊ ဒါမှမဟုတ် တစ်လကို ဘယ်လောက်မြတ်တယ်၊ အနည်းဆုံး တစ်နေ့ကို ဝင်ငွေ ဘယ်လောက်ရှိတယ်ဆိုတာတွေရော စာရင်းအင်းရှိသလား"

"ရှိတာပေါ့ဘုရား"

"အဲဒီစာရင်းတွေကို အရင်က မှတ်ထားတုန်းက မှတ်မိသလို အခုမှတ်မိသေးလား"

"အသေးစိတ်တော့ မမှတ်မိပါဘုရား၊ စာရင်းစာအုပ်ထဲမှာတော့ ရှိနေပါတယ်၊ အဲ. . ဒါပေမဲ့ နှစ်တွေက ကြာလာတော့ ဒီစာရင်းတွေ မရှိတာတွေလည်း ဖြစ်ကုန်တာပေါ့ဘုရား"

"အင်း. . နောက်တစ်ခုမေးခွန်းက ဘယ်ပစ္စည်းရောင်းရောင်းမြတ်တာပဲလား"

"ဟာ.. အရှင်ဘုရားကလည်း အရောင်းအဝယ်ဆိုတာ အမြဲတမ်းမြတ်တယ်လို့ ဘယ်ရှိမလဲဘုရား၊ ရှုံးလည်း ရှုံးတတ်တယ်၊ မြတ်လည်း မြတ်တတ်တယ်လေ၊ အရောင်းအဝယ်နဲ့ အရှုံးအမြတ်နဲ့ အမြဲဒွန်တွဲနေတာပါဘုရား"

"ကဲ . . ဒီလိုဆိုရင် စာရင်းအင်းအသေးစိတ်၊ ပစ္စည်းအမျိုးအမည်တွေကို မှတ်ထားတာက မှတ်အားကောင်းရင် မှတ်မိသေးတယ်။ မှတ်အားမကောင်းရင် မေ့တတ်တယ်ပေါ့"

"ဟုတ်တာပေါ့ဘုရား၊ အားလုံးကို ဘယ်မှာ မှတ်မိပါတော့မလဲ"

"ကဲ. . ဒါဖြင့် အရောင်းအဝယ်လုပ်ငန်းဆိုတာ အရှုံးလည်းရှိတယ်၊ အမြတ်လည်း ရှိတတ်တယ်၊နှစ်မျိုးစလုံးနဲ့ကြုံတတ်တယ်ဆိုတာရော မေ့တတ်သေးလား"

"ဟာ..အရှင်ဘုရားကလည်း ဒါကတော့ဘယ်မေ့မလဲ၊ ဈေးသည်ဆိုမှတော့ ဒီလောက်တော့ နားလည်ရမှာပေါ့၊ ဈေးရောင်းရင် အရှုံးအမြတ်ဆိုတာရှိတာပဲလေ"

"အင်း . .ဟုတ်ပါပြီ၊ အဲဒီလိုနားလည်တယ်ဆိုတာ မှတ်ထားလို့လား၊ သဘောပေါက်သိထားလို့လား"

"သြော်. . ဒါက ဈေးသည်တိုင်း သဘောပေါက်ပါတယ်၊ သီးခြားမှတ်စရာမလိုပါဘူး၊ မမေ့တဲ့ မှတ်ခြင်းမျိုးနဲ့ မှတ်မိနေတာပဲလေ"

"ဟုတ်ပါတယ် ဒကာမကြီး၊ အဲဒီသဘောပေါက်နားလည်တယ်ဆိုတာ ဉာဏ်ပါ၊ မမေ့တော့ဘူးဆိုတာ ဉာဏ်အစစ်ရှိလို့ ဉာဏ်နဲ့အတူတွဲနေတဲ့ သတိက စွမ်းဆောင်ချက်ပါ"

"သြော် . . သဘောပေါက်ပြီဘုရား၊ ဝိပဿနာဉာဏ်အစစ်မပြောနဲ့ ဒီဈေးရောင်းဈေးဝယ်ဉာဏ်ကတောင် အရှုံးအမြတ်ရှိတယ်လို့ သဘောပေါက်တာ မမေ့ပါဘူးဆိုရင် ဉာဏ်အစစ်ရဲ့သဘောကို နားလည်ပါပြီဘုရား"

"ကဲ . . ကဲ . . ဒကာမကြီးရဲ့မေးခွန်းကို ဖြေစရာမလိုတော့ဘူး မဟုတ်လား"

"အင်း . . အရင်မေးခွန်းတော့ ဖြေစရာမလိုတော့ပါဘူး၊ ဒါပေမဲ့ အဲဒီဉာဏ်ရှိအောင်၊ ဖြစ်လာအောင် ဘယ်လိုလုပ်ရဦးမယ်ဆိုတာ ပြောပြပေးပါဦးဘုရား"

"သြော် . . ဒကာမကြီးကလည်း ဒီဉာဏ်ကို လိုချင်သလား"

"ဟင် . . အရှင်ဘုရားပြောပုံကလည်း အရှင်ဘုရားဒကာကြီးရခဲ့တဲ့ဉာဏ်မျိုးတော့ မလိုချင်ပါဘူး၊ တကယ့်ဉာဏ်အစစ်၊ ဝိပဿနာဉာဏ်အစစ်ကို လိုချင်တာပါဘုရား"

"သြော် . . အင်းအင်း ဒီလိုဆိုရင် ဝိပဿနာအစစ်ဖြစ်လာနိုင်ဖို့အတွက် ဝိပဿနာဉာဏ်ရဲ့ အခြေခံ၊ ဝိပဿနာသတိအစစ်ရှိရပါမယ်"

"အမိန့်ရှိပါဦးဘုရား"

"အင်း . . ဒကာမကြီးနားလည်အောင်ပြောရရင် သွားနေတဲ့အခါမှာလည်း နေတတ်ဖို့၊ စားနေတဲ့အခါမှာလည်း နေတတ်ဖို့၊ ရပ်နေတဲ့အခါမှာလည်း နေတတ်ဖို့၊ ကြည့်နေတဲ့အခါမှာလည်း နေတတ်ဖို့ အရေးကြီးပါတယ်"

"နေတတ်တယ်ဆိုတာ စားစားသွားသွား ဘယ်အချိန်မှာပဲဖြစ်ဖြစ် အဓမ္မတရားကိလေသာတွေ မဝင်ဖို့နေနိုင်တာကို ခေါ်ပါတယ်၊ နေနိုင်ရင် နေတတ်ရင် ကုသိုလ်တွေဖြစ်တာပေါ့"

"ဟာ.. အရှင်ဘုရား ကိလေသာတွေ မဝင်ဖို့ဆိုတာ မလွယ်ဘူးနဲ့တူတယ်ဘုရား"

"အဲဒါပြောတာပေါ့၊ တကယ်ကိလေသာတွေ စိတ်မှာမဝင်အောင်ဆိုတာ အသိဉာဏ်ယှဉ်နေတဲ့ စိတ်ကမှ ပိုပြီးစိတ်ချရပါတယ်။ အဲဒီစိတ်မျိုး မဖြစ်သေးရင်တောင်မှ သတိရှိတဲ့စိတ်ရှိဖို့ ကြိုးစားရပါမယ်။ သတိအစစ်ရှိရင် လုပ်သမျှကောင်းကုသိုလ်၊ ပြောသမျှကောင်းကုသိုလ်၊ ကြံစည်သမျှကောင်းကုသိုလ်တွေဖြစ်ပါတယ်၊ သတိအရေးကြီးပါတယ်"

"အရှင်ဘုရား၊ အဲဒီသတိရှိရင် ဉာဏ်ဖြစ်ရောလားဘုရား"

"အင်း. . ဉာဏ်ဖြစ်စေနိုင်တဲ့ သတိရှိရင် ဖြစ်ပါတယ်၊ ဉာဏ်ဖြစ်စေနိုင်တဲ့ သတိဆိုတာက သွားနေ၊ စားနေ၊ ရပ်နေ၊ ထိုင်နေ၊ ကြည့်နေ ဘယ်အချိန်မှာပဲဖြစ်ဖြစ် စိတ်ရှုပ်၊ စိတ်ပျာယာခတ်၊ စိတ်တင်းကျပ်မှုတွေ အဖြစ်မခံတဲ့ နေ့စဉ်သတိကို ပြောတာပါ။



နေ့စဉ်သတိဆိုတာနဲ့ နေစဉ်သတိဆိုတာမှာ မနက်၊ နေ့၊ ည ပုံမှန်အားထုတ်တဲ့ ထိုင်ဣရိယာပုတ်နဲ့ အားထုတ်မှုဟာ နေ့စဉ်ပုံမှန်ဖြစ်အောင် ကြိုးစားတဲ့သတိပါ၊ ဒါလည်းကောင်းပါတယ်။

အဲ . . ဒါပေမဲ့ စားစား၊ သွားသွား၊ နေနေ၊ ထိုင်ထိုင်၊ အချိန်မရွေး နေစဉ်သတိရှိဖို့က ဝိပဿနာအတွက် အရေးအကြီးဆုံးပါ။

နေ့စဉ်သတိ ပုံမှန်အလုပ်ထက် နေစဉ်သတိနဲ့ အမြဲရှိနေကြစေချင်ပါတယ်၊ ဒါဆို ကုသိုလ်ဓမ္မတွေ ဖြစ်နေပြီပေါ့။

နေစဉ် သတိရှိရင် နေတတ်ပါတယ်။

နေစဉ် သတိကို နေ့စဉ်ရှိအောင် ကြိုးစားကြရမှာပါ။

နေစဉ်သတိရှိရှိနေတတ်ရင် ဝိပဿနာဉာဏ်ဆိုတာ ဖြစ်ပေါ်လာပါလိမ့်မယ်။ အဲဒီအသိဉာဏ်အစစ်တွေရှိလာရင် နိဗ္ဗာန်တိုင်ထိ မမေ့တော့ဘဲ အဓမ္မတွေ လွတ်ကင်းပြီး ဓမ္မအားကောင်းတွေ ရလာပါလိမ့်မယ်"

"သြော်. . တပည့်တော် သဘောပေါက်ပါပြီ၊ နေတတ်ရင် လွယ်ပါတယ်ဘုရား"။ ။

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပွဲမယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၂၉)

ဦးမင်းဟန်(ဘီအေ)

ဘိုးလေးကြွက်မှာ အသက်ခုနစ်ဆယ်ကျော်ခန့်ရှိပြီဖြစ်သည်။ ရွာထဲတွင် ဗုဒ္ဓစာပေကျမ်းဂန်များကို နှံ့စပ်သူ၊ မြန်မာမှုဗေဒင်အရာ၌လည်း နားလည်ပြီး ပြန်လည်ဟောပြောနိုင်သူ၊ ရှေ့မီ၊ နောက်မီဖြစ်ပြီး အပြောအဟောကောင်းသူအဖြစ် ထင်ရှားသည်။

နံနက်မိုးသောက် အလင်းရောက်သည်နှင့် အိမ်ရှေ့ကုက္ကိုပင်ကြီးအောက်တွင် နေပူဆာလှုံရင်း ရေနွေးကြမ်းတစ်အိုးနှင့် ဘိုးလေးကြွက်ရှိနေလေ့ရှိသည်။

"ဘိုးလေးကြွက်နေပူဆာလှုံနေပြီ သွားကြရအောင်"

ဘိုးလေးကြွက်ရှိရာသို့ မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ အပြေးတစ်ပိုင်းဖြင့်ရောက်လာကြသည်။

"ဟဲ့ဟဲ့ ကလေးတွေ ချော်လဲနေကြပါဦးမယ်"

"မလဲပါဘူး ဘိုးလေးရဲ့၊ မြေးတို့တွေ အဖြေမရဘဲအငြင်းပွားနေကြလို့" ပူစူးမက ပျာပျာသလဲဝင်ပြောလိုက်သည်။

"ဘာတွေများ အငြင်းပွားလာကြတာလဲကွဲ့"

"ဒီလိုပါ ဘိုးလေးရေ မောင်ထူးက နှပ်ညှစ်တဲ့အခါ ပစ်စလက်ခတ်ညှစ်လို့ပါ။ အဲဒါကိုပြောရင်းနဲ့ အဖြေမရဘဲ အငြင်းပွားလာကြတာပါ"

"အဲဒီလိုပစ်စလက်ခတ် နှပ်မညှစ်ရဘူးမဟုတ်လား ဘိုးလေးရဲ့"

ကိုဦးစကားကိုပူစူးမကဝင်ပြောကာ ဘိုးလေးကြွက်ကို မေးခွန်းထုတ်လိုက်သည်။

"အင်း မှန်တာပေါ့ကွယ်၊ နှပ်ညှစ်တာပဲဖြစ်ဖြစ်၊ စကားပြောတာပဲဖြစ်ဖြစ် ပစ်စလက်ခတ် မညှစ်ရဘူး။ ပစ်စလက်ခတ်မပြောရဘူးကွဲ့။ အဲဒါယဉ်ကျေးမှုပဲ၊ လိုက်နာရမှာတွေရှိတယ်။ အိမ်မှာဖြစ်စေ၊ ကျောင်းမှာဖြစ်စေ၊ အရပ်ထဲမှာဖြစ်စေ လိုက်နာရမယ့် ယဉ်ကျေးမှုတွေ အများကြီးရှိတယ်။ ဒီလိုသွန်သင်ဆုံးမနေတာကိုက စာသင်ခန်းယဉ်ကျေးမှုကို ဖော်ဆောင်ပေးနေတာပေါ့ကွယ်။

ဘိုးလေးပြောပြမယ်၊ သင်စရာရှိရင် သင်ကြားမယ်၊ ဆုံးမစရာရှိရင် ဆုံးမမယ်ဆိုရင် မြေးတို့ လိုက်နာနားထောင်ပြီး ကျင့်ကြံနိုင်ကြပါ့မလား"

"ဟုတ်ကဲ့..နားထောင်နိုင်ပါတယ်။ လိုက်နာကျင့်ဆောင်နိုင်ပါတယ်.. ဘိုးလေး"

"ကိုဦးကပြောတော့ ကျန်တဲ့နှစ်ယောက်ကရော"

"ဟုတ်ကဲ့ပါ ဘိုးလေး မြေးတို့အားလုံး နားထောင်နိုင်ကြပါတယ်"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့၏ ပြိုင်တူအသံက ကုက္ကိုပင်ကိုင်းပေါ်နားနေသည့် စာဝါငှက်ကလေးများ လန့်ပြေးရသည်အထိ စူးရှပျံ့လွင့်သွားသည်။

"နှပ်ညှစ်တယ်ဆိုတာကတော့ ညှစ်ထုတ်ပစ်ရမှာပေါ့၊ ဒါကကျန်းမာရေးအရ လုပ်ကိုလုပ်ပေးရမယ့်ကိစ္စပဲ။ ဒါပေမဲ့ ဘုရားရင်ပြင်တို့၊ ဘုန်းကြီးကျောင်းဝင်းတို့၊ စာသင်ကျောင်းတို့၊ ဆေးရုံတို့ စတဲ့လူများများ စုဝေးရာနေရာတွေမှာတော့ နှပ်မညှစ်ရဘူး။ မအောင့်နိုင်လို့ ညှစ်ရမှုဖြစ်မယ်ဆိုရင် ယဉ်ယဉ်ကျေးကျေးဖြစ်အောင် ကြိုးစားရမယ်။ ကိုယ့်ကြောင့် ပတ်ဝန်းကျင်ကသူများကို စိတ်အနှောင့်အယှက် မဖြစ်စေရဘူး။ ဒါတင်ဘယ်ကမလဲ ကွမ်းတံတွေး ထွေးတာ၊ ချွဲဟပ်တာ၊ အညစ်အကြေးစွန့်တာ၊ အမှိုက်ပစ်တာ၊ ကျင်ကြီးကျင်ငယ်စွန့်တာတွေ ကုန်ကုန်ပြောရရင် ခန္ဓာကိုယ်က စွန့်ထုတ်တာမှန်သမျှကို သေသေသပ်သပ်ဖြစ်အောင် အမြဲတမ်းသတိထားလုပ်ဆောင်နိုင်ရမယ်။ ပစ်စလက်ခတ်တော့ မလုပ်သင့်ဘူး၊ မလုပ်ရဘူးကွဲ့"

"ဟုတ်ကဲ့ဘိုးလေး..နားလည်ပါပြီ ဘိုးလေး"

"ရှိသေးတယ်၊ လိုက်နာရမယ့် လူမှုကျင့်ဝတ် ယဉ်ကျေးမှုတွေက အများသားကွဲ့။ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်၊ နေအိမ်တွေမှာ မသန့်ရှင်းတာတွေ့ရင် သန့်ရှင်းရေးပြုလုပ်ပေးရမယ်။ ရေအိုးစင်၊ ရေကန်တွေမှာ သောက်ရေမရှိတာကိုတွေ့ရင် သောက်ရေခပ်လှူရမယ်။ ရေအိုးရေခွက်တွေကို ဆေးကြောသန့်စင်ပေးရမှာက လူတိုင်းလိုက်နာကြရမယ့် ဝတ္တရားပဲပေါ့ကွယ့်"

"ဟုတ်ကဲ့ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

"နောက်ရှိသေးတယ်။ တစ်ဦးဦးကပဲဖြစ်ဖြစ် ဆရာတော် သံဃာတော်တွေပဲဖြစ်ဖြစ် ဆွမ်းဘုဉ်းပေး၊ စားသောက်နေစဉ်မှာ ကြားလောက်တဲ့နေရာ၊ မြင်လောက်တဲ့နေရာကနေ ချွဲသလိပ်ဟပ်တာတို့၊ နှပ်ညှစ်တာတို့ကို ကျယ်ကျယ်လောင်လောင်အသံထွက်အောင် မလုပ်ရဘူး။ ချောင်းဆိုးတာတို့ နှာချေတာတို့ကိုလည်း တစ်ယောက်ယောက်ဘက်လှည့်ပြီး မလုပ်ရဘူး။ လူသူဝေးရာဖြစ်စေ၊ လက်ကိုင်ပဝါအုပ်လို့ဖြစ်စေ ပြုလုပ်ရမယ်နော်။ အလုံးစုံပြောရရင်တော့ လေလည်တာကအစ လူသူဝေးရာကိုထသွားပြီး လေလည်ရမယ်။ လူအများကြားထဲ လေမလည်ရဘူး။ သည်းခံနိုင်စွမ်းရှိရမယ်"

"ဟုတ်ကဲ့ပါ ဘိုးလေး။ မြေးတို့အားလုံး လိုက်နာကြပါ့မယ်ဆိုတာ ကတိပေးပါတယ်"

"သာဓုကွယ်၊ သာဓု သာဓု"။ ။

# ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

## ဝီရိယပါရမီ

### ကြိုးပမ်းဖွဲ့စိုက်အမွေခံထိုက်

"ဒီရတနာတွေရဲ့ ပိုင်ရှင်အစစ်ဟာ ကျွန်ုပ်ပဲဖြစ်တယ်။ တိုင်းပြည်ကို လုယက်ဖျက်ဆီးခံရလို့ မတရားသိမ်းဆည်းခံရတဲ့ရတနာတွေ ပြန်ရပြီဆိုပါတော့။ ကျွန်ုပ်ရဲ့အကြီးမားဆုံးအဓိကတာဝန်က မိဘအမွေကို ပြန်လည်ရယူဖို့ပါပဲ"

သာဝတ္ထိပြည့်ရှင်၏ တစ်ဦးတည်းသောမျိုးဆက်ဖြစ်သူ၊ ရသေ့ငါးရာ၏ဆရာဖြစ်သူက ပြောလိုက်ခြင်းဖြစ်သည်။

ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီးစိုးစံချိန်ကာလကဖြစ်သည်။ ထိုအချိန်က ဗြဟ္မဒတ်မင်းကြီး၏ စစ်တပ်ကြီးက သာဝတ္ထိပြည်ကို ဝင်ရောက်တိုက်ခိုက်ရာ သာဝတ္ထိပြည့်ရှင်ဘုရင်နှင့်မိဖုရားတို့ ကျဆုံးခဲ့ရသည်။ ယင်းသို့ချောက်ချားစရာကောင်းလှသည့် တိုက်ပွဲကြီးကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရသည့် သာဝတ္ထိဘုရင်ကြီး၏ အရွယ်မရောက်သေးသည့် သားတော်မင်းသားလေး၏ရင်ထဲတွင် မည်သို့မျှ မေ့ဖျောက်မရနိုင်ဖြစ်နေရတော့သည်။

"ပြေးတော့"

သာဝတ္ထိပြည့်ရှင်ဖခမည်းတော်က မယ်တော်နှင့် သားတော်ကို မိန့်ကြားသည့်အသံ။ မယ်တော်ကြီးက သားတော်၏လက်ကို ကိုင်ဆွဲကာ ပြေးနေစဉ် မြားတစ်စင်းက မယ်တော်၏ရင်ဝကို စိုက်ဝင်ခဲ့ရသည်များ၊ မယ်တော်ဖြစ်သူက အထုပ်တစ်ထုပ်ကို သားတော်လက်ထဲအပ်နှံပြီး "ပြေး"ဟု တစ်ခွန်းတည်းသောအော်သံအဆုံးမှာ မယ်တော်ကြီး လဲကျသွားခဲ့ရသည်များကို ရုပ်ရှင်ပြကွက်များကဲ့သို့ သာဝတ္ထိမင်းသား၏ စိတ်အစဉ်တွင် တစ်ကွက်ချင်း ပြန်ပေါ်လာရသည်။

"ငါ့နိုင်ငံကို ဗာရာဏသီမင်းက ကျူးကျော်တိုက်ခိုက်ပြီး ခမည်းတော်နဲ့မယ်တော်ကို သတ်ဖြတ်ခဲ့တယ်။ ငါတို့ပိုင်တဲ့နန်းတော်ကြီးကို ဖျက်ဆီးပြီး ရွှေငွေရတနာတွေကို မတရားယူဆောင်သွားကြတယ်။ တစ်နေ့မှာ မိဘအမွေကို ပြန်ယူရမယ်။ မိဘအမွေကို စောင့်ထိန်းဖို့ တာဝန်ရှိတယ်ဆိုတဲ့သားသမီးတစ်ယောက်ဖြစ်အောင် ကြိုးစားမယ်။ ဒီအကြွေးကို ပြန်ဆပ်နိုင်ရမယ်"

သာဝတ္ထိမင်းသားက အရွယ်မရောက်သေးသည့်တိုင် မှန်ကန်သည့် ဆုံးဖြတ်ချက်ကိုချကာ ရန်သူကို ရှောင်တိမ်းလျက် ပြေးလွှားသွားလာရင်းဖြင့် တက္ကသိုလ်ပြည်သို့ရောက်ရှိလာသည်။

"တိုင်းပြည်ကို အုပ်ချုပ်မယ့်သူဟာ အဋ္ဌာရသ (၁၈) ရပ်ကို တတ်ဖို့လိုတယ်။ ငါ့သားအရွယ်ရောက်ရင် ဒီပညာတွေကို တက္ကသိုလ်ပြည်မှာ သွားရောက်သင်ယူရမယ်"

မယ်တော်ကြီးပြောခဲ့ဖူးသည့် စကားများအား ပြန်လည်ကြားယောင်လျက် တက္ကသိုလ်ပြည်ကို ရောက်လာရသည်မှာ ကံကောင်းလှပေစွဟုလည်း မင်းသားကမှတ်ချက်ပြုလိုက်သည်။

"တက္ကသိုလ်ပြည်မှာ ဒိသာပါမောက္ခဆရာကြီးရှိတယ်။ တိုင်းပြည်အသီးသီးက မင်းညီမင်းသားတွေ၊ သူဌေးသူကြွယ်တွေနဲ့ သူတို့ရဲ့သားသမီးတွေ၊ ပုဏ္ဏားတော်တွေရဲ့သားသမီးတွေဟာ ဒိသာပါမောက္ခဆရာကြီးထံမှာ ပညာသင်ယူကြတယ်"

သာဝတ္ထိမင်းသားသည် မယ်တော်ကြီးပြောပြသွန်သင်ခဲ့သည်များကို ပြန်လည်ကြားယောင်လျက် သာမန်ကြေးရတတ်မိသားစုဝင်အနေဖြင့်သာ တက္ကသိုလ်ပြည်တွင် သုံးနှစ်သုံးမိုးပညာသင်ယူလိုက်တော့သည်။ ထိုသို့ ပညာသင်ယူရာတွင်လည်း ဓားခုတ်၊ လှံထိုး၊ စက်ကြိုး၊ ယန္တရားအတတ်တို့ကို သိထားရုံလောက်သာသင်ယူခဲ့ပြီး ဗေဒင်သုံးပုံကိုသာ အဓိကသင်ယူခဲ့ခြင်းဖြစ်သည်။

"အလို ... ပညာစုံတော့ ပြန်ရတော့မှာပဲ။ ဘယ်ကိုပြန်ရပါ့။ ပြန်စရာမြေလည်း မရှိပါကလား"

ဒိသာပါမောက္ခဆရာကြီးအား ကန်တော့ပြီး တက္ကသိုလ်ပြည်မှ ထွက်ခွာလာခဲ့သည့်တိုင် မင်းသားမှာ ပြန်စရာမြေမရှိကြောင်း သတိသံဝေဂရစွာဖြင့် တီးတိုးရေရွတ်လိုက်ခြင်းဖြစ်သည်။

"ဟိုးရှေ့မှာ မြင်နေရတာ ရသေ့ငါးရာအမှီပြုနေထိုင်ရာ ပစ္စန္တရစ်ရွာအနီးက ဂူတစ်ဂူပေပဲ။ ဒီရသေ့တွေနဲ့နေလိုက်ရင် လက်တလောနေစရာရမယ်။ မိတ်ဆွေအစုအဖွဲ့အဖြစ်လည်း ရရှိနိုင်တယ်"

သာဝတ္ထိမင်းသားသည် တစ်ကိုယ်တည်းရေရွတ်လျက် ဆုံးဖြတ်ချက်ကိုချလိုက်ကာ ရသေ့များနှင့်အတူ နေလိုက်တော့သည်။ များမကြာမီမှာပင် တက္ကသိုလ်ပြည်ပြန်ပညာတတ်ဖြစ်သည့်အတွက် အလိုလိုနေရင်း ရသေ့ငါးရာ၏ဆရာဖြစ်လာလေသည်။

တစ်နေ့တွင် သာဝတ္ထိမင်းသားနှင့် ရသေ့ငါးရာတို့သည် ဗာရာဏသီပြည်သို့ ထွက်ခဲ့ကြပြီး ဗာရာဏသီမင်းကြီး၏ဥယျာဉ်တွင် စခန်းချလိုက်သည်။

"ငါ့နိုင်ငံကို ဗာရာဏသီမင်းက ကျူးကျော်တိုက်ခိုက်ပြီး ခမည်းတော်နဲ့ မယ်တော်ကို သတ်ဖြတ်ခဲ့တယ်။ ငါတို့ပိုင်တဲ့ နန်းတော်ကြီးကို ဖျက်ဆီးပြီး ရွှေငွေရတနာတွေကို မတရားယူဆောင်သွားကြတယ်။ တစ်နေ့မှာ မိဘအမွေကိုပြန်ယူရမယ်။ မိဘအမွေကို စောင့်ထိန်းဖို့တာဝန် ရှိတယ်ဆိုတဲ့ သားသမီးတစ်ယောက် ဖြစ်အောင်ကြိုးစားမယ်။ ဒီအကြွေးကို ပြန်ဆပ်နိုင်ရမယ်။ တာဝန်ကျေပွန်တဲ့သားသမီးဖြစ်ရစေမယ်"

ဗာရာဏသီမြေကိုနင်းမိသည်နှင့် မင်းသား၏အတွေးစိတ်က အလိုလိုအသိဝင်လာပြီး နှုတ်မှလည်းစကားလုံးများ တတွတ်တွတ်ထွက်ကျလာရခြင်းဖြစ်သည်။

ရသေ့ငါးရာနှင့်အတူ ဗာရာဏသီမြို့တွင်းသို့ ဆွမ်းအလှူခံထွက်ရာ ဗာရာဏသီမင်းကြီးက တွေ့မြင်ပြီး ပင့်ဖိတ်ကာ ဆွမ်းကပ်လှူလေသည်။ မင်းသားသည် ရန်သူကိုပထမဆုံး အနီးကပ်မြင်တွေ့ရသည့်တိုင် သည်းခံစိတ်မွေးလျက် အချိန်ကောင်းကိုစောင့်ဆိုင်းရန် မြင့်မြတ်သူတို့၏ စိတ်ထားဖြင့် နှလုံးသွင်းလိုက်သည်။ မင်းကြီး၏ သိလိုသမျှသောမေးမြန်းမှုတို့အား ရသေ့ငါးရာတို့၏ဆရာဖြစ်သည့် သာဝတ္ထိမင်းသားကသာ ဒိုင်ခံဖြေကြားသည်။ မင်းကြီးက ကြည်ညိုသဒ္ဓါဖြစ်ပေါ်၍ ဥယျာဉ်တော်တွင် အမြဲတမ်းသတင်းသုံးရန် ဖိတ်မန္တကပြုကာ ကျောင်းဆောင်များလည်း ဆောက်လုပ်လှူဒါန်းသဖြင့် အတည်တကျနေထိုင်နိုင်ရန် ကျောင်းသင်္ခမ်းရရှိသွားလေသည်။

"ဒီရတနာတွေရဲ့ ပိုင်ရှင်အစစ်ဟာ ကျွန်ုပ်ပဲဖြစ်တယ်။ တိုင်းပြည်ကို လုယက်ဖျက်ဆီးခံရလို့ မတရားသိမ်းဆည်းခံရတဲ့ရတနာတွေ ပြန်ရပြီဆိုပါတော့။ ကျွန်ုပ်ရဲ့အကြီးမားဆုံးအဓိကတာဝန်က မိဘအမွေကိုပြန်လည်ရယူဖို့ပါပဲ။ ဒါမှလည်း တာဝန်ကျေတဲ့သားသမီးဖြစ်ပေမပေါ့"

သာဝတ္ထိမင်းသားသည် ငယ်စဉ်ကသိမြင်ခံစားခဲ့သည့်ခံစားချက်တို့ကို အရင်းတည်လျက် မိမိတိုင်းပြည်နှင့် လူမျိုးအတွက် တာဝန်ကျေပွန်ရမည်ဟူသည့်စိတ်ကို မမိုတ်မသုန်ဆောင်ရွက်ရန် ရသေ့ငါးရာကို ရှင်းလင်းပြောပြရာ ရသေ့ငါးရာကလည်း ဆရာရသေ့ဖြစ်သူမင်းသားနှင့် တစ်သားတည်းရှိကြောင်းကြားသိရသဖြင့် ကျေနပ်ပီတိဖြစ်လျက် ဖွဲသန်သန်ဖြင့် ကြိုးစားတော့သည်။ ရနိုင်သမျှ သတင်းစုဆောင်းမှုကြောင့် သီတင်းသုံးရာဥယျာဉ်တော်အတွင်း၌ သာဝတ္ထိပြည်က သိမ်းယူထားသည့် ရွှေငွေရတနာများကို ကြေးအိုးအတွင်းထည့်သွင်းလျက် မြေမြှုပ်ထားရှိကြောင်း သိလာရသည်။

ရရှိသည့်အခွင့်အရေးကို လက်မနှေးဘဲ ရွှေငွေရတနာများကို တူးဖော်ရယူကာ ညတွင်းချင်း ဥယျာဉ်တော်မှထွက်ခဲ့ကြသည်။ နောက်ပိုင်းတွင် လူသူစုဆောင်းပြီး သာဝတ္ထိမြို့စောင့်တပ်ကို တိုက်ခိုက်၍ သာဝတ္ထိမြို့ကို ပြန်လည်သိမ်းပိုက်ကာ မင်းကြီးအဖြစ်အုပ်ချုပ်ခဲ့လေသည်။

သို့ဖြစ်၍ သာဝတ္ထိမင်းသားသည် တာဝန်ကျေသည့်သားသမီးတစ်ဦးဖြစ်စေရန် ကြိုးစားရန်းကန်မှုတွင် မိမိ၏တိုင်းပြည်နှင့်လူမျိုးအကျိုးကိုရှေးရှုကာ ကြိုးပမ်းဖွဲ့စိုက်ခဲ့ခြင်းကြောင့် မိဘအမွေကို ခံစားထိုက်သည့် မင်းသားအဖြစ် တိုင်းသူပြည်သားများ ချစ်ခင်လေးစားရှိသေသည့်မင်းအဖြစ် စိုးစံနိုင်ခဲ့ခြင်းဖြစ်ပေတော့သည်။ ။

# ကာလိက လေးမျိုး

ယခုအခါ၌ ကျွန်တော်တို့သည် ခဲဖွယ်ဘောဇဉ်စသည်တို့ကို ဝိနည်းစည်းကမ်းနှင့်အညီ အချိုးကျကျ ဆက်ကပ်တတ်လေပြီ။ သို့သော် တစ်ဆင့်တက်၍ လေ့လာစရာရှိချေသေးသည်။

ယခုဖော်ပြလိုသည်က "ကာလိက" လေးမျိုးဖြစ်သည်။ ကာလိကဟူသည် သူ့အချိန်နှင့်သူ အကပ်ခံဘုဉ်းပေးရန် သတ်မှတ်ထားသော အစားအသောက်များဖြစ်လေသည်။

နံပါတ်တစ်က "ယာဝကာလိက" ဖြစ်သည်။ အရုဏ်တက်သည်မှစ၍ မွန်းတည့်သည်အထိ အကပ်ခံဘုဉ်းပေးနိုင်သော ဆွမ်းဘောဇဉ်နှင့် ခဲဖွယ်ခေါ် အချိုပွဲအစားအသောက်များဖြစ်သည်။

နံပါတ်နှစ်က"ယာမကာလိက"ဖြစ်ပြီး မွန်းလွဲမှစ၍ အရုဏ်တက်သည်အထိ ဘုဉ်းပေးနိုင်သော ရှောက်၊ မန်ကျည်း၊ သံပရာ၊ လိမ္မော် စသောဖျော်ရည်များဖြစ်သည်။

နံပါတ်သုံးက "သတ္တာဟကာလိက"ဖြစ်သည်။ တစ်ကြိမ်အကပ်ခံထားက ခုနစ်ရက်လုံးလုံး နောက်ထပ်အကပ်ခံဖို့ မလိုသော ဘေသဇ္ဇ-ဆေးခေါ် ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊ တင်လဲတို့ဖြစ်သည်။

နံပါတ်လေးက တစ်ကြိမ်အကပ်ခံပြီး တစ်သက်လုံး နောက်ထပ်အကပ်မခံဘဲ ဘုဉ်းပေးနိုင်သော ဆားချည်းသက်သက်၊ ချင်းချည်းသက်သက် စသည်တို့ဖြစ်သည်။

ထိုလေးမျိုးအနက် နံပါတ်တစ်အမျိုးအစားမှာ




ဆွမ်း၊ ဆွမ်းဟင်းနှင့် မုန့်ပဲသရေစာတို့ဖြစ်နေရာ ကျွန်တော်တို့ မကြာခဏလှူလေ့ရှိသောပစ္စည်းမျိုးဖြစ်နေသည်။

ထိုခဲဖွယ်ဘောဇဉ်တို့ကို ရဟန်းတို့အနေဖြင့် အရုဏ်တက်သည်မှစ၍ မွန်းတည့်အတွင်းသာ (က) အကပ်ခံခြင်း၊ (ခ)ဘုဉ်းပေးနိုင်ခြင်းပြုနိုင်သည်။ မွန်းလွဲသွားပါက (က) အကပ်လည်းမခံကောင်း၊ (ခ) ဘုဉ်းလည်း မဘုဉ်းပေးကောင်းတော့ချေ။

သည်အချက်ကို ကျွန်တော်တို့နားလည်ထားပါမှ မွန်းလွဲပိုင်း မုန့်စသည် သွားလှူသည့်အခါ သာဟတ္ထိကဒါနမြောက်အောင်ဆိုပြီး ကိုယ်ထိလက်ရောက် မကပ်မိကြဘဲ ရှိချေမည်။ ယခုအခါ အချို့မှာ ဤအချက်ကို မသိ၍ ကိုယ်ထိလက်ရောက်ကပ်နေကြ၍ ဆရာရဟန်းများက "မကပ်နဲ့၊ မကပ်နဲ့၊ ရှေ့နားထား" ဟု အမိန့်ရှိနေရလေသည်။

တစ်ခါ မနက်ပိုင်းပင်ဖြစ်သော်လည်း ကိုယ်လှူမည့်မုန့်ပဲသရေစာက တစ်ကြိမ်တစ်ခါမျှ ဘုဉ်းပေးရုံနှင့်မကုန်သေး၊ နောက်ရက်များတွင်ပါ ဘုဉ်းပေးနိုင်လောက်အောင်များနေမည်ဆိုပါက ဒီနေ့အတွက် ဘုဉ်းပေးနိုင်ရုံခွဲကပ်လိုက ခွဲကပ် သို့မဟုတ် လုံးလုံးမကပ်ဘဲ ဆရာရဟန်း၏ရှေ့နားတွင်သာ အရိုအသေချ၍ လှူဒါန်းသင့်သည်။

အဘယ်ကြောင့်ဆိုသော် ခဲဖွယ်ဘောဇဉ်များကို အကပ်ခံသိမ်းထားပြီး နောက်နေ့ဘုဉ်းပေးက ပါစိတ်အာပတ်သင့်စေဟူသော ဗုဒ္ဓပညတ်ချက်ရှိသောကြောင့်ဖြစ်သည်။

(ဥပမာ မုန့်ဆို ပုံးလိုက်၊ ငှက်ပျောသီးဆို အဖီးလိုက်၊ အခိုင်လိုက်စသည်။)

တစ်ခုတော့ရှိသည်။ ဆရာရဟန်းက အကပ်ခံပြီး မိမိ ဒီနေ့ဘုဉ်းပေးလို့ မကုန်သည်ကို ကျောင်းသား၊ ကပ္ပိယစသူတို့အား "ဒီအစာငါမစားတော့အံ့"ဟူသော အာလယပြတ် အငဲ့အကွက်မရှိဘဲ စွန့်၍ ထိုကျောင်းသားတို့က နောက်နေ့ပြန်ကပ်က ဘုဉ်းပေးကောင်းသည်။ ထိုသို့မဟုတ်ဘဲ "ဒါတို့ကို ဘုန်းကြီး စွန့်တာပဲ" ဆိုပြီး စားပစ်ကလည်း မည်သို့မှ မတတ်နိုင်ပါချေ။

ဤသို့ဖြင့် တပည့်လိမ္မာ ဆရာအာပတ်လွတ်ဟူဘိသို့ တပည့်အလိမ္မာများဖြစ်ရလေအောင် ကျွန်တော်တို့နှင့် ဆက်နွှယ်နေသော ဝိနည်းကံကိစ္စလေးများတွင် ကျွမ်းကျွမ်းကျင်ကျင်ဖြစ်အောင် လေ့လာထားသင့်ကြပေသည်။ ။



## သုံးခွမြို့နယ် ရေပေါ်ကန်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၁

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ရေပေါ်ကန်ကျေးရွာနှင့်ပတ်ဝန်းကျင် ကျေးရွာများမှ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွာဦးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သာသနာ့နွယ်ဝင် သီလရှင် တစ်ပါးနှင့် ဒေသခံပြည်သူ စုစုပေါင်း ၇၀ တို့ကို သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အင်္ဂပူမြို့၌ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်(၂၀၂၄) အခမ်းအနားကျင်းပ

အင်္ဂပူ မေ ၁

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနတွင် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရေးရက်သတ္တပတ် (၂၀၂၄)အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးမှူး ဒေါက်တာ အေးပပစိုးရီက ကာကွယ်ဆေးအကျိုးကျေးဇူးများနှင့် "ကလေးများအနာဂတ်လှပဖို့ လူတိုင်း ပါဝင်ဆောင်ရွက်လို့ ကာကွယ်ဆေးဖြင့် အသက်ကယ်စို့" ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၄) လှုပ်ရှား ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသက်နှစ်နှစ်အောက်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းနှင့် ကာကွယ်ဆေးများ ထိုးနှံပေးနေမှုကိုကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## "ရင်ထဲကနွေ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် မေ ၁

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ မေ ၃ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် "ရင်ထဲကနွေ" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။




အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် ထပ်ဆင့်အကယ်ဒမီ ရန်အောင်၊ ရဲထိုက်၊ မင်းသားလေး၊ တေဇာဝင်း၊ သုတဦး၊ စိမ့်နေခြည်၊ အိအိလှိုင်၊ မြင့်မြတ်ကျော်၊ ခင်လပြည့်ဝန်း၊ မိုးပြည့်ပြည့်ခင်နှင့် မိုးဖူးဖူးခင်တို့က နွေရာသီ၏ သာယာလှပမှု ကြည်နူးဖွယ်မြင်ကွင်းများနှင့်အပြိုင် အလွမ်းကဗျာ၊ အလင်္ကာ တေးသီချင်းအား ရွေးချယ်ပြီး ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မေ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ MNL မှ

ရန်ကုန်ယူနိုက်တက် အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့သော်လည်း အမာခံကစားသမားအများစု ပါဝင်ခဲ့သည်။ ကိုးမိနစ်တွင် တိုက်စစ်မှူးတက်တာက ရန်ကုန်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း အောင်မြင့်မြတ်က တက္ကသိုလ် အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ရန်ကုန်အသင်းသည် ဒုတိယပိုင်းတွင် ကစားသမားများ ပြောင်းလဲခဲ့ပြီး လူစားဝင်တိုက်စစ်မှူး ရန်ကျော်ထွေးက ၄၉၊ ၆၂၊ ၇၄ မိနစ်တွင် ဟက်ထရစ်သွင်းယူကာ နိုင်ပွဲရစေခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရွှေပြည်သာယူနိုက်တက်အသင်းက GFA အသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့သည်။ ပထမအကျော့အတိုင်း အပြန်အလှန် သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ရွှေပြည်သာယူနိုက်တက်အသင်းက ရှုံးကြွေးပြန်ဆပ်ကာ ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။ ရွှေပြည်သာယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၅၊ ၅၁၊ ၉၀+၂ မိနစ်တွင် ဖြိုးနေကိုလှိုင်၊ ၄၈၊ ၇၁ မိနစ်တွင် ဉာဏ်မင်းထက်၊ ၆၄ မိနစ်တွင် စောဖွေးတို့က သွင်းယူပြီး GFA အသင်းအတွက် ဂိုးများကို ၂၇၊ ၃၆၊ ၄၆ မိနစ်တွင် လှဖုန်းဦး၊ ၆၂ မိနစ်တွင် ကျော်စွာထက်၊ မိနစ် ၈၀ တွင် ဘမ်ဘာတို့က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု(က)၌ ရန်ကုန်ယူနိုက်တက်အသင်းက ခြောက်ပွဲကစား ၁၈ မှတ်၊ မဟာယူနိုက်တက်အသင်းက ငါးပွဲကစား ၁၂ မှတ်၊ GFA အသင်းက ငါးပွဲကစား ခြောက်မှတ်၊ တက္ကသိုလ်အသင်းနှင့် ရွှေပြည်သာယူနိုက်တက် အသင်းက ခြောက်ပွဲကစားသုံးမှတ်စီ ရရှိထားသည်။

မေ ၂ ရက်တွင် အုပ်စု (ခ) ပွဲစဉ်များအဖြစ် သုဝဏ္ဏကွင်း၌ Glory Goal အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် Rainbow အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း - ကိုညီလေး၊**

**ဓာတ်ပုံ - MNL**

## သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၂၆-၄-၂၀၂၄)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၂၄ ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လေပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမေ်ာချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ငပုတောမြို့နယ်၊ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ် စိုက် ရွှေ တိုက်ကို စိုး

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ်စဉ်-၁/၂၀၂၄-၂၀၂၅)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ကျုံပျော်ခရိုင်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတားနှင့်အခြားတည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါ(Open Tender)စနစ်ဖြင့် (မြန်မာကျပ်ငွေ)ဝယ်ယူလိုပါ၍ စိတ်ဝင်စားသော ကုမ္ပဏီနှင့် လုပ်ငန်းရှင်များအနေဖြင့် လာရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်/နေရာ | - | ၉-၅-၂၀၂၄(ကြာသပတေးနေ့) (ရုံးချိန်အတွင်း) လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျုံပျော်ခရိုင် |
| (ခ) | တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် | - | (၁၇-၅-၂၀၂၄)ရက်နေ့၊ (သောကြာနေ့) မွန်းတည့် (၁၂:၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် | - | (၂၁-၅-၂၀၂၄)ရက်နေ့၊ (အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီ |
| (ဃ) | တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျုံပျော်ခရိုင် |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ကျုံပျော်ခရိုင်**
**ဖုန်း-၀၉-၄၂၁၇၃၅၆၁၇**

## "သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ အမှတ် (၁၅၀/၁၅၂)၊ ဖလွှာ (ယာ)နေ ဖခင် ဦးဇယာဝဒေ [၁၀/မလမ (နိုင်)၁၇၁၈၁၅]နှင့် မိခင် ဒေါ်စန်းမြင့် [၁၂/မဂတ(နိုင်) ၀၉၄၃၆၉] တို့၏ သမီး မခိုင်မေလွင် (ခ) စွန်မာယာဟ် [၁၂/တမန (နိုင်)၁၄၁၈၀၆] သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ကြိမ်ဖန်များစွာ ပြုလုပ်နေပါသဖြင့် မိဘများအား စိတ်ဆင်းရဲမှု၊ ကိုယ်ဆင်းရဲမှုဖြစ်စေရန် ပြုလုပ်နေပါသောကြောင့် ယနေ့မှစ၍ မခိုင်မေလွင် (ခ) စွန်မာယာဟ်အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် ၎င်းပြုလုပ်သမျှအရာများအားလုံး မိဘများနှင့် သက်ဆိုင်မှု မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးဇယာဝဒေနှင့်ဒေါ်စန်းမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်အိရွှေစင်**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၅၂၇၂/၂၇-၁၂-၂၀၁၈)**
**အမှတ်-၅၈(B-4)၊ အဝေရာလမ်းသွယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉- ၄၂၀၀၇၆၉၂၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ ပုဗ္ဗသီရိ မြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(-)ကေရှိ မြေကွက်အမှတ် (ပ-၃၃၀၈၂)၏ မြေချပါမစ် (စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးဝင်းမင်းစိုး [၁၂/ရကန(နိုင်)၀၆၅၈၇၅](အဖအမည်)ဦးဝင်းမင်းမှ မြေချပါမစ်(စလစ်)မိတ္တူမှန် ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည် တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေချပါမစ် (စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒေါ်ကွေးချိန် (ဘ) ဦးလော်ရောက်ချိန် [၉/မနမ(နိုင်)၀၇၇၉၇၈]က ၎င်းအမည်ပေါက်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိသည့် "ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်-အင်ကြင်းမြိုင်အိမ်ရာ၊ မြေတိုင်းရပ်ကွက် အမှတ်- ၂ ဒီ၊ မြေကွက်အမှတ်- ၂၅၊ ဧရိယာ (၀.၃၀၀)ကေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်- ၁၊ ဗိုလ်ချိုလမ်း၊ ဗိုလ်ချို (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်များအားလုံး" ကို သားဖြစ်သူ ဦးအောင်ကျော်နိုင် [၉/အမဇ(နိုင်)၀၀၀၁၂၂]အား မေတ္တာဖြင့် အပြီးအပိုင်လွှဲပြောင်းပေးကမ်းခြင်းစာချုပ်ဖြင့် ပေးကမ်းခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ပေးကမ်းခြင်းကို ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မရန်ဂျာဆိုင်း LL.B, D.B.L, D.I.L တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၉၅၅)**
**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၀၇၅၁၃၄**

## တနင်္သာရီတိုင်းဒေသကြီး
## လမ်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)
## (၁/၂၀၂၄-၂၀၂၅)ခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ခရိုင်များနှင့် လမ်းအထူးအဖွဲ့များမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကတ္တရာ ကွန်ကရစ်လမ်းလုပ်ငန်းနှင့် ကတ္တရာလမ်းလုပ်ငန်းများအတွက် လိုအပ်သော (၆၀/၇၀)ကတ္တရာ၊ (၈၀/၁၀၀) ကတ္တရာများနှင့် လုပ်ငန်းသုံးစက်/ယန္တရားများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - | (၆-၅-၂၀၂၄)ရက် (တနင်္လာနေ့) |
| (ခ) | တင်ဒါလျှောက်လွှာပိတ်မည့်ရက် | - | (၂၄-၅-၂၀၂၄)ရက် (သောကြာနေ့) |
| (ဂ) | တင်ဒါလျှောက်လွှာပိတ်မည့်အချိန် | - | ညနေ (၁၆:၀၀) နာရီ |
| (ဃ) | အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက် | - | (၂၇-၅-၂၀၂၄)ရက် (တနင်္လာနေ့) |
| (င) | အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်အချိန်/နေရာ | - | နံနက် (၉:၃၀) နာရီ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ထားဝယ်မြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံများ၊ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**တင်ဒါကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**
**ဖုန်း-၀၅၉-၂၀၂၁၁၁၄၊ ၀၅၉-၂၀၂၅၇၀**

## တနင်္သာရီတိုင်းဒေသကြီး
## လမ်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)
## (၂/၂၀၂၄-၂၀၂၅)ခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် တနင်္သာရီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများကို တည်ဆောက်ခြင်းတင်ဒါစနစ်ဖြင့် အပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - | (၆-၅-၂၀၂၄)ရက် (တနင်္လာနေ့) |
| (ခ) | တင်ဒါလျှောက်လွှာပိတ်မည့်ရက် | - | (၂၄-၅-၂၀၂၄)ရက် (သောကြာနေ့) |
| (ဂ) | တင်ဒါလျှောက်လွှာပိတ်မည့်အချိန် | - | ညနေ (၁၆:၀၀) နာရီ |
| (ဃ) | အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက် | - | (၂၉-၅-၂၀၂၄)ရက် (ဗုဒ္ဓဟူးနေ့) |
| (င) | အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်အချိန်/နေရာ | - | နံနက် (၉:၃၀) နာရီ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ထားဝယ်မြို့ |

